ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း(နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် စနေနေ့။ Saturday, 2 May 2026 ၁၂၁၆၆

# မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၅)အဆန်/အမှတ်(၆)အစုန်လူစီးအမြန်ရထားအား ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲ



ခေတ်မီလေအေးပေးစက်ပါ DEMU လူစီးအမြန်ရထား ပြေးဆွဲပေးနေမှုကို တွေ့ရစဉ်။

နေပြည်တော် မေ ၁

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မှ တောင်ငူအထိ ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေ (ODA Loan)ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည်။ တောင်ငူ -နေပြည်တော်နှင့် နေပြည်တော်-မန္တလေးရထားလမ်းပိုင်းအား နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရန်ကုန်-မန္တလေး အဓိက ရထားလမ်းပိုင်း၌ ရထားအမြန်နှုန်းများတိုးမြှင့်ပြီး ပြေးဆွဲချိန်လျှော့ချခြင်း၊ ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လူစီးအမြန်ရထားများကို ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းများဖြင့် ယနေ့မှစ၍ စတင်ပြေးဆွဲပေးသည်။

ရန်ကုန်ဘူတာကြီး စင်္ကြံအမှတ်(၁)တွင် အမှတ်(၅)အဆန် ရန်ကုန်-မန္တလေး ခေတ်မီ လေအေးပေးစက်ပါ DEMU ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြစေလို
စာမျက်နှာ ၃

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနား ကျင်းပ
စာမျက်နှာ ၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်မီးကြိုးများ စနစ်တကျ သွယ်တန်းရေးနှင့် ယာဉ်ရပ်နားမှု စနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ
စာမျက်နှာ ၄

များများသယ် မြန်မြန်ပို့ မြန်မာ့မီးရထားကို မြှင့်တင်စို့
ဆောင်းပါး စာမျက်နှာ ၆

မတတ်-မရှိသံသရာမှလွတ်မြောက်အောင်
ဆောင်းပါး စာမျက်နှာ ၁၄



အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)နှင့် KBZMS တို့ ပူးပေါင်း၍ Travel Protect Insurance ကို စတင်မိတ်ဆက်
စာမျက်နှာ ၁၂

ကြေးမုံ

# နိုင်ငံ၏အရင်းအမြစ်များကိုအသုံးချ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်က ပိုင်ဆိုင်ထားသည့် သဘာဝအရင်းအမြစ်များနှင့် လူသားအရင်းအမြစ်များကိုအသုံးချ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားမြင့်မားတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်မှုနှင့် ဝန်ဆောင်မှုအရည်အသွေးတိုးတက်မြင့်မားမှုအပေါ်တွင် မူတည်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝအခြေခံကောင်းများနှင့် ရေခံမြေခံကောင်းများပေါများကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် အလုပ်လုပ်နိုင်သော လူဦးရေအများဆုံးနိုင်ငံများတွင် ပါဝင်သည်။ အလုပ်လုပ်နိုင်သူ လူဦးရေပေါများခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးတို့အတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည်။ အသိပညာနှင့် အတတ်ပညာပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိသည်။ ပညာရေးတွင် အနည်းဆုံးအဆင့် KG+9 ပြီးဆုံးသည်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကျွမ်းကျင်သူများဖြစ်လာစေမည့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတော်ကပိုင်ဆိုင်ထားသည့် သဘာဝအရင်းအမြစ်များကို အကျိုးရှိထိရောက်စွာအသုံးချပြီး စိုက်ပျိုးမွေးမြူရေး ကုတ်ထုတ်လုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်မြှင့်တင်၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်လျက်ရှိသည်။ ပြည်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်လျက်ရှိသည်။ အလုပ်သမားများဝင်ငွေတိုးတက်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းစေခြင်း၊ ကျွမ်းကျင်လုပ်သားများ ရရှိခြင်းအတွက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ ထို့အပြင် လုပ်သားအခြေပြု ကုန်ထုတ်လုပ်ငန်းများ တိုးတက်များပြားလာစေရန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းနှင့် ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က အလုပ်အကိုင်အခွင့်အလမ်းများ၊ လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာရေးတို့ကို ကြိုးပမ်းဆောင်ရွက်ပေးနေသကဲ့သို့ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားမြှင့်တင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်စေရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် စီးပွားရေးကောင်းမွန်ရန် အထူးလိုအပ်သည်။ ထို့ကြောင့် ပြည်တွင်းအင်အားများကို အဓိကအသုံးပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင်နေထိုင်ကြပြီး ၇၀ ရာခိုင်နှုန်းနီးပါးသည် ကျေးလက်များတွင်နေထိုင်ကြရာ ထိုအထဲတွင် လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ဒေသတွင်းနိုင်ငံများတွင် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုသည် မြင့်မားလျက်ရှိကြောင်း သိရသည်။ ထိုအထဲတွင် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုမှာ ပိုမိုများပြားသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးမှသာ ၎င်းတို့၏ဝင်ငွေများတိုးတက်မြင့်မားလာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များရရှိစေရန်အတွက် အခြေခံပညာအလယ်တန်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လူသားအရင်းအမြစ်ကောင်းများရရှိရေးကို အလေးထားပြီး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်ပစ္စည်းများ တိုးတက်ရရှိပြီး ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ပြည်ပပို့ကုန်များလည်း တိုးမြှင့်ရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏ပိုင်ဆိုင်ထားသော အရင်းအမြစ်များကို ထိရောက်စွာအသုံးချ၍ ထုတ်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများလည်းပိုမိုရရှိကာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ လစဉ် သတင်းထုတ်ပြန်ချက်(၁-၅-၂၀၂၆)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၁-၃-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၄-၂၀၂၆) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## မြိတ်မြို့နယ်စာရေးဆရာအသင်း အမှုဆောင်ကော်မတီအသစ်နှင့် ညီလာခံကိုယ်စားလှယ်ရွေးချယ်ပွဲကျင်းပ

မြိတ် မေ ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်စာရေးဆရာအသင်းရုံး၌ မြို့နယ်စာရေးဆရာအသင်း၏မျက်နှာစုံညီ အစည်းအဝေး၊ အမှုဆောင် ကော်မတီသစ်နှင့် စတုတ္ထအကြိမ် စာပေညီလာခံကိုယ်စားလှယ်ရွေးချယ်ပွဲကို ဧပြီ ၂၆ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။



ဦးစွာ မြို့နယ်စာရေးဆရာအသင်းမျက်နှာစုံညီအစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ သဘာပတိ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးစိုးအောင် (သုတေသီ-စိုးအောင်)က အမှာစကားပြောကြားပြီး အမှုဆောင်ကော်မတီဟောင်း၏ လေးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများကို အတွင်းရေးမှူး ဦးဇော်မျိုးနိုင် (ဇော်မြိတ်)ကလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးသက်ပိုင်စိုးက ငွေစာရင်းရှင်းတမ်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းအမှုဆောင် ကော်မတီသစ်ရွေးချယ်ပွဲကျင်းပရာ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်ဟိန်းကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်စာရေးဆရာအသင်းမှ ကိုယ်စားလှယ်တို့ ပါဝင်သော ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင်အဖွဲ့၏ ရှေ့မှောက်၌ ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ အမှုဆောင်နှစ်ဦးနှင့် ဘဏ္ဍာရေးမှူး တစ်ဦး စုစုပေါင်းငါးဦးနှင့် (စတုတ္ထ)အကြိမ် စာပေညီလာခံ (ကိုယ်စားလှယ်) တစ်ဦးတို့ကို လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်အတည်ပြုခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ ထိန်ဝင်း**

## ၁ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

## လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြစေလို

ပဲခူး မေ ၁

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး ဥသာပြည့်စုံခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်၏ မဏ္ဍိုင်ကြီး သုံးရပ်ထဲတွင် တစ်ခုအပါအဝင် ဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်ကို လွှတ်တော်ကိုယ်စားလှယ်များက တာဝန်ယူထမ်းဆောင်ရပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံသူ နိုင်ငံသားများ အားဥပဒေအကာအကွယ်အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာ နေနိုင်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မိမိတာဝန်ကို မိမိ ကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေရန် ဆန္ဒပြုပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူလူထုနှင့်တစ်သားတည်းဖြစ်စေရန်နှင့် ပြည်သူလူထု၏ ဆန္ဒများကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း။

ဥပဒေပြုရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ ယနေ့ခေတ်ကာလ အချိန်အခါနှင့် ကိုက်ညီမှုရှိ၊ မရှိ၊ ပြင်ဆင်ဖြည့်စွက်ရန် လို၊ မလို၊ ဖျက်သိမ်းရန်နှင့် အသစ်ပြန်လည်ပြဋ္ဌာန်းရန် လို၊ မလိုနှင့် ပြည်သူများအား ကာကွယ်ပေးနိုင်သည့် ဥပဒေ ဟုတ်၊ မဟုတ်တို့ကို စိစစ် ဆောင်ရွက်ရမည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ဖြစ်ပါကြောင်း။

ဒီမိုကရေစီအစိုးရတစ်ရပ်တွင် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်စသည့် မဏ္ဍိုင်ကြီးသုံးရပ်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်သည် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုအဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူလူထု၏ ဆန္ဒများကို အထူးအလေးထား အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိထားရန် လိုအပ်ပါကြောင်း၊ သို့မှသာ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်သော ကိစ္စရပ်များနှင့် ပြည်သူလူထု၏ လိုလားချက်များကို အနီးစပ်ဆုံး ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် အားကိုးအားထားပြုရသည့် အဖွဲ့အစည်း တစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးခန်းများ ဖွင့်လှစ်၍ လူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ဒေသခံပြည်သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လိုအပ်ချက်များ၊ ဒေသဆိုင်ရာ လိုအပ်ချက်များကို နားထောင်၍ တွေ့ဆုံဖြေရှင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ကိုယ်စားလှယ်များ အနေဖြင့် မိမိမဲဆန္ဒနယ်မြေရှိ ပညာရှင်များ၊ ဒေသခံပြည်သူများနှင့်စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လုပ်ဆောင်ချက်များကို ပြည်သူလူထု သိရှိနားလည် ယုံကြည်မှုရှိလာစေရန် လွှတ်တော်မှ ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအစိုးရတစ်ရပ်တွင် လွှတ်တော်နှင့် အစိုးရအဖွဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံဒေသအတွင်း ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေး လုပ်ငန်းများ ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူစဉ်အချိန်အတွင်း ဥပဒေပြုရေး မဏ္ဍိုင်ဖြစ်သည့် လွှတ်တော်ကဏ္ဍကို မြင့်မားစေလိုပါကြောင်း၊ လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် တစ်ထောင့်တစ်နေရာမှ အရေးပါစေရေးအတွက် ကိုယ်စားလှယ်များ အနေဖြင့် အရည်အသွေး၊ အရည်အချင်းများ ပြည့်စုံစေရန် မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ဥသာရတနာခန်းမ၌ ပဲခူးမြို့မှ မြို့မိမြို့ဖများ၊ ကဏ္ဍအသီးသီးမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

○ ရှေ့ဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပို့ဆောင်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့မီးရထားမှ အရာထမ်း/အမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ပြေးဆွဲမည့် ရထားတွဲဆိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် မန္တလေးသို့ စီးနင်းလိုက်ပါကြမည့် ခရီးသည်များအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ နံနက် ၆ နာရီတွင် ရထားစတင်ထွက်ခွာသည်။

အလားတူ ယနေ့နံနက်ပိုင်းက မန္တလေးဘူတာကြီး အမှတ်(၁) စင်္ကြံတွင် အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာ့မီးရထားမှ အရာထမ်း/အမှုထမ်းများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပြေးဆွဲမည့် ရထားတွဲဆိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ရန်ကုန်သို့ စီးနင်းလိုက်ပါမည့် ခရီးသည်များအား လိုက်လံနှုတ်ဆက်၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း/အမှုထမ်းများ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ပြေးဆွဲမည့်ရထားတွဲဆိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

သည် နေပြည်တော်ဘူတာကြီး၌ မန္တလေးမှ ထွက်ခွာဆိုက်ရောက်လာသော အမှတ်(၆) အစုန်ခေတ်မီ DEMU ရထားခရီးစဉ်ဖြင့် လိုက်ပါလာကြသည့် ခရီးသည်များအား လည်းကောင်း၊ ရန်ကုန်မှ ထွက်ခွာဆိုက်ရောက်လာသော အမှတ်(၅) အဆန်ခေတ်မီ DEMU ရထားခရီးစဉ်ဖြင့် လိုက်ပါလာကြသည့် ခရီးသည်များအား လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြပြီး နေပြည်တော်မှ ရန်ကုန်နှင့် မန္တလေးသို့ စီးနင်းလိုက်ပါမည့် ခရီးသည်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါ အမှတ်(၅)အဆန်/(၆) အစုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းတွင် ပထမတန်း လေးတွဲ၊ အထက်တန်း နှစ်တွဲ စုစုပေါင်း တွဲ ခြောက်တွဲဖြင့် ခရီးသည် ၃၁၂ ဦး လိုက်ပါစီးနင်းနိုင်ပြီး ခရီးသွားလက်မှတ်ခ အနေဖြင့် ခရီးစဉ်အစအဆုံး တစ်ဦးလျှင် ပထမတန်း ငွေကျပ် ၃၄၀၀၀ နှင့် အထက်တန်း ငွေကျပ် ၄၈၀၀၀ နှုန်း ကျသင့်မည်ဖြစ်ပြီး ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာ စုစုပေါင်း ကိုးဘူတာ ရပ်တန့်ပေးမည်ဖြစ်ကာ အမှတ်(၅) အဆန် DEMU လူစီးအမြန်ရထားသည် ရန်ကုန်မှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးသို့ ညနေ ၄ နာရီတွင် လည်းကောင်း၊ အမှတ်(၆)အစုန် DEMU လူစီးအမြန်ရထားသည် မန္တလေးမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ရာ ရထားပြေးဆွဲချိန် ၁၀ နာရီသာ ကြာမြင့်မည်ဖြစ်သည်။

မြန်မာ့မီးရထားသည် ယခုတိုးချဲ့ပြေးဆွဲပေးသည့် ရထားခရီးစဉ်များအပြင် ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ပြေးဆွဲပေးနေသည့် အမှတ်(၁၁)အဆန်၊ (၁၂) အစုန် လူစီးအမြန်ရထားခရီးစဉ်များကိုလည်း ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။ ယခင်က ရန်ကုန်မှ မန္တလေးအထိ ပြေးဆွဲချိန် စုစုပေါင်း ၁၉ နာရီခန့် ကြာမြင့်ခဲ့သော်လည်း ယခုအခါ လမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီအချက်ပြစနစ် တပ်ဆင်အသုံးပြုနိုင်ခြင်း၊ ခေတ်မီစက်ခေါင်း/တွဲဆိုင်းများ အသုံးပြုလာနိုင်ပြီဖြစ်၍ ရထားအမြန်နှုန်း တိုးမြှင့်လိုက်သဖြင့် ရန်ကုန် - မန္တလေး ခရီးစဉ်တွင် စုစုပေါင်းပြေးဆွဲချိန် ၁၀ နာရီခန့်ဖြင့် သိသာစွာ လျှော့ချပေးနိုင်ခဲ့ပြီး ရထားစီးခရီးသည်များ ပိုမိုစိတ်ချမ်းမြေ့စေရေး အကောင်အထည်ဖော်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်မီးကြိုးများ စနစ်တကျ သွယ်တန်းရေးနှင့် ယာဉ်ရပ်နားမှု စနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်မီးကြိုးများ စနစ်တကျ သွယ်တန်းရေးနှင့် ယာဉ်ရပ်နားမှု စနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ဆက်သွယ်ရေး ကုမ္ပဏီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ဆက်သွယ်ရေးကြိုးများနှင့် လျှပ်စစ်မီးကြိုးများကို မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျရှိစေရေးအတွက် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရေး ကုမ္ပဏီများပူးပေါင်း၍ ဆောင်ရွက်ရန်၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်သည့် ပြည်လမ်းတစ်လျှောက် (Under Ground Cable Network) ချိတ်ဆက်မှုများသည် ကောင်းမွန်သဖြင့် ကမ္ဘာအေးဘုရားလမ်း၊ ဝေဇယန္တာလမ်းတစ်လျှောက် စီမံချက်အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်၍ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်၊ မြို့နယ်အလိုက် အကောင်အထည်ဖော်ရာတွင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးကွန်ရက်တိုးချဲ့တည်ဆောက်ရေး ပေါင်းစပ်ညှိနှိုင်းကော်မတီနှင့် ခရိုင်အဆင့် ဆက်သွယ်ရေးကြိုးများ စနစ်တကျရှိစေရေး ဖယ်ရှားရှင်းလင်းရေးအဖွဲ့များက စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊ တိုင်းဒေသကြီးအစိုးရ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနများက လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊ ဆက်သွယ်ရေး အော်ပရေတာ လေးဦးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်မှုအားလုံးတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်၊ လက်ရှိနိုင်ငံတကာတွင် သက်ရောက်မှုကြီးမားနေသည့် လောင်စာဆီအကျပ်အတည်း ဖြစ်ပေါ်မှုကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ရေးအတွက် အော်ပရေတာအချင်းချင်း အရင်းအမြစ်များကို မျှဝေအသုံးပြုခြင်းဖြင့် ကွန်ရက်စနစ်တစ်ခုလုံး၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်မည့် နည်းလမ်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ ရန်ကုန်မြို့ပေါ်တွင် မော်တော်ဆိုင်ကယ်နှင့် အနေးယာဉ်မဝင်ရသော လမ်းများ၌ စည်းကမ်းမဲ့စွာ ဝင်ရောက်နေသော မော်တော်ဆိုင်ကယ်နှင့် အနေးယာဉ်များအား စည်းကမ်းတကျရှိစေရေး ဆောင်ရွက်ရန်၊ အိပ်ဖောဖွင့် မော်တော်ယာဉ်များ၊ အုပ်စုဖွဲ့၍ ပြိုင်ကားပုံစံ မောင်းနှင်မှုများ၊ ယာဉ်ရပ်နားခွင့်မပြုသော နေရာများတွင် ရပ်နားထားသော ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန် စသည်တို့ကို မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်မီးကြိုးများ စနစ်တကျ သွယ်တန်းရေးနှင့် ယာဉ်ရပ်နားမှု စနစ်တကျရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အော်ပရေတာများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက လုပ်ငန်းစဉ်များကို ဆွေးနွေးရှင်းလင်းတင်ပြကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍများအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီး ဘ၀ သံသရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထား၏ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများသည် တက်ရောက်လာကြသူများနှင့်အတူ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။





ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က မြန်မာ့မီးရထား၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း မီးရထားတိုင်း နယ်မြေ၊ စက်ရုံ၊ ဆေးရုံများအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဆုများ၊ တစ်နှစ်တာကာလအတွင်း မိမိ၏လုပ်ငန်းတာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အရာထမ်း၊ အမှုထမ်း ၉၁ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက အစိုးရသစ်လက်ထက် ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ကျွန်ကလေးကျေးရွာ လယ်ပေါ်ဘုန်းကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထိုသို့ဆောင်ရွက်ရာတွင် လှည်းကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးအောင်ခန့်ဝေ ဦးဆောင်မှုဖြင့် အသက်(၁၀)နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုကို ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ကိုင်ဆောင်လက်မှတ်မရှိသူ UID (Smart Card) ၅၀၊ နိုင်(၃က)ကတ် ၇၀ နှင့် နိုင်(၆က)ကတ် ၁၂ ဦး စုစုပေါင်း နိုင်ငံသားကတ် ၈၂ ဦးတို့အား ပြည်သူလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အိဇွေစင်လတ် (ပြန်/ဆက်)**



# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားနှင့် စာတမ်းဖတ်ပွဲ မင်္ဂလာအခမ်းအနား ဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားနှင့် စာတမ်းဖတ်ပွဲ မင်္ဂလာအခမ်းအနားဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသောဆရာတော်၊သံဃာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆဋ္ဌသင်္ဂါယနာတင် မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့် နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဓမ္မိကာရာမကျောင်းတိုက်ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယက အခမ်းအနားသဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုန္ဒရနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရ တို့က သုတ္တန္တပိဋကတ်တော်ကို သင်္ဂါယနာ အမေးအဖြေ ပြုလုပ်ပြီး သံဃာတော် ၁၅ ပါးတို့က စုပေါင်းသံပြိုင်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲ သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေဘိုဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။



ဆက်လက်၍ စာတမ်းဖတ်ပွဲ သဘာပတိ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင် လှရတနာဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒါဘိဝံသ မဟာထေရ်မြတ်က စာတမ်းများနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒေါက်တာဘဒ္ဒန္တကေတုက "မြန်မာနိုင်ငံဗုဒ္ဓသာသနာသင်္ဂါယနာတင်သမိုင်း" စာတမ်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကသုံးပုံနိကာယ် ကျောင်းတိုက် မော်ကျွန်းဆရာတော် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသက "ကမ္ဘာပေါ်တွင် ပညာဉာဏ်အရည်အချင်းစစ် အရှည်ကြာဆုံးစာမေးပွဲ (တိပိဋကဓရ တိပိဋက ကောဝိဒ)" စာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မေးခွန်းများ မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင် ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ စာတမ်းဖတ်ပွဲသဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နေနတ်သားဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် မန္တလေးမြို့ မြတောင်ပရိယတ္တိစာသင်တိုက် တိုင်းကြည်အဘိဝံသကျောင်း ပညာရေးဗဟိုအဖွဲ့ခွဲ ဥက္ကဋ္ဌ (ဓမ္မာစရိယ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိဘိဝံသ က "ပိဋကတ်တော်ဆောင် သံဃာရတနာများပွင့်ထွန်းရာမြေ" စာတမ်းကို ဖတ်ကြားပြီး သီရိလင်္ကာနိုင်ငံ အမရပူရနိကာရ မဟာနာယကဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တကရန်ဂေါဓ ဥယျမ်ဂေါဓ မိဿရိမာသီနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တခေမာစာရ တို့က သဝဏ်လွှာများ ဖတ်ကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်း ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမုဒက "ဆဋ္ဌသင်္ဂါယနာတင် ပါဠိရှိမန်ကျောက်စာတင်ခြင်းနှင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာခဲစာလုံးမူမှ ကွန်ပျူတာမူသို့" စာတမ်းကို ဖတ်ကြားပြီး ဆရာတော်များနှင့် တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်က ပြန်လည်ဖြေကြားပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဆေကိန္ဒ က AI နည်းပညာနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဖြေကြားတော်မူသည်။

ထို့နောက် ဩစတြေးလျနိုင်ငံ မဟာယာနဆရာတော် ဘဒ္ဒန္တသစ်ကွမ်ဘာ၊ သီရိလင်္ကာနိုင်ငံမှ ပါမောက္ခ ဒေါက်တာဘဒ္ဒန္တမေဓင်္ကရမိတိရေ ဝိဇိတဓမ္မနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ဒေါက်တာ ယွန်ဆင်ယိတ်တို့က သဝဏ်လွှာများ ဖတ်ကြားကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒမုခ က "ပိဋကသုံးပုံနှင့် မြန်မာနိုင်ငံထေရဝါဒဗုဒ္ဓသာသနာ" စာတမ်းကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ သတင်းစဉ်

## ခြောက်တန်သင်္ဂါယနာ ထွန်းရောင်ဝါ

★ သာသနာနှစ်အစ
ဝေဘာရတောင်သေလာ၊
ရှင်မဟာကဿပ
တွေးဆမြော်ကာ။
ရဟန္တာအပါးငါးရာ
"ခုနစ်လ"ကြာရွတ်ဆိုပွား၊
သုတ်ဝိနည်း အဘိဓမ္မာတရား
ထိန်းသိမ်းကာ အာဂုံထား
အားထုတ်ကြိုးစား။

★ သာသနာနှစ်"(၁၀၀)"ဆီ
ဝေသာလီပြည်ဌာန၊
ဝါဠုကာရာမကျောင်း
စုပေါင်းညီညာ။
ရှင်ယသဦးဆောင်ကာ
ရဟန္တာ"ခုနစ်ရာ"ပါး၊
"ရှစ်လ"ကြာ ရွတ်ဆိုပွား
မော်ကွန်းထင်ရှား။

★ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ
လှုံ့လပြု ဦးဆောင်ကာ၊
ရဟန္တာ"တစ်ထောင်"အပါး
ရွတ်ပွားသင်္ဂါ။
ပါဋလိပုတ်ပြည်သာယာ
သာသနာ"နှစ်သုံးငါး" ၊
အာသောကာရုံကျောင်းစည်ကား
"ကိုးလ"ကြာ ဇာနည်များ
ကြိုးစားရွတ်ပွား။

★ ရှင်မဟာဓမ္မရက္ခိတ
အာလောကလိုဏ်ဂူမဟာ၊
ရဟန္တာငါးရာအပါး
ရွတ်ပွားညီညာ။
နိုင်ငံလှ သီရိလင်္ကာ
ပေထက်မှာ အက္ခရာ၊
သာသနာ "လေးငါးသုည"
မော်ကွန်းထင်ကရ။

★ အရှင်ဇာဂရာဘိဝံသ
ကမကထဦးဆောင်ကာ၊
နှစ်ထောင်ကျော်လေးရာပါး
ရွတ်ပွားသင်္ဂါ။
ရတနာပုံမန္တလာ
ပြည်မြန်မာထင်အရှား၊
ကျောက်သားပေါ်ထွင်းစီထား
ရှစ်နှစ်ခန့် မနေမနား
သင်္ဂါယနာတင်လှူထား
သာသနာနှစ်မှတ်သား
နှစ်လေးတစ်ငါး။

★ ငါးနိုင်ငံထေရဝါဒ
မြန်မာက ဦးဆောင်ကာ၊
ပါသာဏလိုဏ်ဂူမဟာ
နှစ်ထောင့်ငါးရာသံဃာကြွ။
မြို့ရန်ကုန်တိုင်းဌာန
စုဝေးကာသင်္ဂါယန၊
ဦးဆောင်ကာ အရှင်ရေဝတ
မဟာစည်အရှင်"ပုစ္ဆက"
ဖြေဆိုရာ အရှင်ဝိစိတ္တသာရ
ကမ္ဘာမှာ အကျော်ဇေယျ
"နှစ်လေးကိုးရှစ်"သာသန
ဆဋ္ဌသင်္ဂါယန။

★ ခြောက်တန်သော သင်္ဂါယနာ
သမိုင်းမှာ ရောင်ဝါထွန်း
မော်ကွန်းတင်ရာ။
သံဃာထုညီညီညာ
မင်းရာဇာ သဒ္ဒါကဲ၊
များပြည်သူတူလက်တွဲ
ပံ့ပိုးကာအားမာန်ခဲ
သာသနာရောင်ဝါကဲ
ခြိမ့်ခြိမ့်သဲသဲ။

ကျော်စောဟန်

၁ - ၅ -၂၀၂၆ ရက်တွင် ကျရောက်သည့် မြန်မာ့မီးရထား၏ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# များများသယ် မြန်မြန်ပို့ မြန်မာ့မီးရထားကို မြှင့်တင်စို့

**ရန်ကုန်-ပြည်ရထားလမ်းအား ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင်ဖောက်လုပ်ပြေးဆွဲခြင်းနှင့်အတူ မြန်မာနိုင်ငံ၌ ရထားလုပ်ငန်းပေါ်ထွန်းခဲ့သည့်အချိန်မှစ၍ ယနေ့ဆိုလျှင် (၁၄၉) နှစ်မြောက် ရှိပြီဖြစ်သည်။ သမိုင်းကြောင်းရှည်လျားခဲ့သည့်ကာလအတွင်း ရထားပြေးဆွဲခြင်းလုပ်ငန်းဖြင့် ပြည်သူတို့အား တစိုက်မတ်မတ် ဝန်ဆောင်မှုပေးလျက်ရှိသည့် ရင့်ကျက်နေပြီဖြစ်သော နိုင်ငံပိုင် စီးပွားရေးဌာနကြီးတစ်ခုလည်း ဖြစ်ပါသည်။**

ညီညီ(ရထား)




သယ်ယူပို့ဆောင်ရေး ကဏ္ဍသည် ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့နှင့် ဆက်စပ်နေသကဲ့သို့ နိုင်ငံအတွင်း တောင်တန်း၊ ပြည်မဒေသ အသီးသီးတွင် မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းသာယာဝပြောမှုများအပါအဝင် ကဏ္ဍအသီးသီးနှင့် ဆက်စပ်လျက်ရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

ရထားပို့ဆောင်ရေး လုပ်ငန်းသည် ကုန်စည်ပမာဏများစွာကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် တစ်နေရာမှ တစ်နေရာသို့ လွှဲပြောင်းပေးခြင်းနှင့် ခရီးသည်များစွာကိုလည်း အစုအပြုံလိုက် တစ်နေရာမှတစ်နေရာသို့ ပို့ဆောင်နိုင်စွမ်းရှိသော သယ်ယူပို့ဆောင်ရေး နည်းလမ်းဖြစ်ပါသည်။ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွင်း ဒေသအသီးသီးကို လွှမ်းခြုံဆောင်ရွက်နိုင်ခြင်း၊ ခရီးဝေးပို့ဆောင်မှုများအတွက် ဈေးသက်သာခြင်း၊ မော်တော်ယာဉ်ပို့ဆောင်ရေးထက် အချိန်ပိုမြန်ခြင်း၊ အလွန်များပြားသောကုန်စည်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပို့ဆောင်ရန် အသင့်လျော်ဆုံးသော လုပ်ငန်းဖြစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သက်သာခြင်း၊ အခြားသော ပို့ဆောင်မှုနည်းလမ်းများထက် ပိုမိုလုံခြုံမှုရှိသော သယ်ယူပို့ဆောင်ရေး နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။

**ရထားပို့ဆောင်ရေးလုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှုများ အထပ်ထပ်ပြုလုပ်၍ တိုးချဲ့အကောင်အထည်ဖော်**

ရထားပို့ဆောင်ရေး လုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံအတွက် မဟာဗျူဟာအရ အရေးကြီးသော လုပ်ငန်းဖြစ်ခြင်း၊ ရထားသည် ကားနှင့် နှိုင်းယှဉ်လျှင် တူညီသောကုန်စည်ပမာဏနှင့် အကွာအဝေးအတွက် လောင်စာဆီသုံးစွဲနှုန်း လေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံသာရှိသဖြင့် လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို လျော့ပါးစေခြင်း၊ ခရီးသည်အမြောက်အမြား သယ်ယူပို့ဆောင်နိုင်သဖြင့် ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်နေသော မြို့ကြီးများအတွက် မဖြစ်မနေ အသုံးပြုသင့်သော ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ခြင်း စသည်တို့ကြောင့် နိုင်ငံအသီးသီးတွင် နိုင်ငံတော်အစိုးရက ရထားပို့ဆောင်ရေးလုပ်ငန်းအား ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်နေစေရန် နည်းအမျိုးမျိုးဖြင့် အထောက်အပံ့ပြုထားကြကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရထားပို့ဆောင်ရေးလုပ်ငန်းအား ခေတ်မီနည်းပညာများကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှုများ အထပ်ထပ်ပြုလုပ်၍ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရပါသည်။

မိမိတို့နိုင်ငံအနေဖြင့် ယခင် ခေတ်အဆက်ဆက် အစိုးရအဖွဲ့အသီးသီးကလည်း ရထားပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ခဲ့ကြသလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူခဲ့သည့်အချိန်မှစ၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်အဆင့် အခမ်းအနားများနှင့် ညှိနှိုင်းအစည်းအဝေးများတွင် လည်းကောင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးသည့် ခရီးစဉ်များတွင်လည်းကောင်း ရထားပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးကို အထူးအလေးထား အာရုံစိုက်၍ စီမံလမ်းညွှန်မှုများပေးခြင်း၊ အနီးကပ်စစ်ဆေးကြပ်မတ်မှုပေးခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

မြန်မာ့မီးရထား၏ စက်ခေါင်းစက်ရုံကြီးများ၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၊ ဘူတာရုံများနှင့် ရထားလမ်း အဆင့်မြှင့်တင်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းခွင်နယ်မြေများသို့ နိုင်ငံတော်အကြီးအကဲသည် ၁၁ ကြိမ်တိုင်တိုင် ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းစစ်ဆေးခဲ့ပြီး ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ အတိုင်း တိကျစွာလိုက်နာ၍ ရေရှည်အတွက် ဦးစားပေး စဉ်းစားဆောင်ရွက်ရန်၊ ရထားစက်ခေါင်းနှင့် တွဲများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ ရထားလမ်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ထပ်မံတိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းများတွင် ပြည်တွင်းမှ အင်ဂျင်နီယာပညာရှင်များကို အဓိကထား အသုံးပြု၍ နည်းပညာများ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်ရန်၊ အနာဂတ်တွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ စက်ခေါင်းနှင့်တွဲများ တည်ဆောက်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ ပြင်ပမှ မှာယူတင်သွင်းဝယ်ယူနေမှုများကို တဖြည်းဖြည်းလျှော့ချပြီး ပြည်တွင်း၌ပင် ထုတ်လုပ်တည်ဆောက်နိုင်ရေး သုတေသနပြု၍ နည်းပညာများ လေ့လာပြီး ကြိုးပမ်းဆောင်ရွက်သွားရန် စသည့်လမ်းညွှန်မှာကြားမှုများ ပြုလုပ်ခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၁၀-၄-၂၀၂၆ ရက်နေ့က ကျင်းပခဲ့သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် **“ပြည်သူများ သွားလာမှု အဆင်ပြေလွယ်ကူစေဖို့အတွက် ပုံမှန်လမ်းကြောင်းများအတိုင်း သတ်မှတ်နှုန်းထားများနဲ့ ပြေးဆွဲပေးသော ခရီးသည်တင် ဝန်ဆောင်မှုဖြစ်တဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transportation)ကိုလည်း တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”** ဟု ထည့်သွင်းမှာကြားထားပါသည်။

**ပြည်တွင်းမှာပဲ စက်ခေါင်းများ၊ တွဲများ မဖြစ်မနေ ကိုယ်တိုင်တည်ဆောက်ထုတ်လုပ်**

ထို့အပြင် အဆိုပါနေ့၌ပင် နိုင်ငံတော်သမ္မတက နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့် မိန့်ခွန်းတွင် **“ပို့ဆောင်ရေးကဏ္ဍမှာ များများတင်နိုင်ပြီး မြန်မြန်ပို့ဆောင်ပေးနိုင်မယ့် ကုန်ကျစရိတ်လည်းသက်သာစေတဲ့ မီးရထားကဏ္ဍကို မဖြစ်မနေမြှင့်တင်ကြရမှာဖြစ်ပါကြောင်း၊ ရထားလမ်းများကို အဆင့်မြှင့်တင်ပေးကြဖို့ လိုသလို စက်ခေါင်းများနဲ့ တွဲဆိုင်းများကိုလည်း ခေတ်မီအဆင့်မြင့်လာအောင် ပြောင်းလဲဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ပြည်တွင်းမှာပဲ စက်ခေါင်းများ၊ တွဲများ မဖြစ်မနေ ကိုယ်တိုင်တည်ဆောက် ထုတ်လုပ်ရမှာ ဖြစ်ပါကြောင်း၊ ယခု စတင်ပြောင်းလဲဆောင်ရွက်နေပြီဖြစ်တဲ့ စက်သုံးဆီလောင်စာသုံး စက်ခေါင်းတွေအစား ဘက်ထရီအားသုံးနိုင်တဲ့ စက်ခေါင်းတွေ သုံးစွဲနိုင်မယ်ဆိုရင် စက်သုံးဆီလိုအပ်ချက်ကို လျှော့ချနိုင်မှာဖြစ်သလို သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုနည်းပြီး မြန်ဆန်မှုကအစ အကျိုးပြုလာမှာဖြစ်ပါကြောင်း၊ ဒါ့ကြောင့် မီးရထားကဏ္ဍကို ပြည်သူတွေအတွက် သယ်ယူပို့ဆောင်ရေးနဲ့ ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွေမှာ ယခုထက် ပိုမိုထိရောက်အောင်၊ အကျိုးရှိအောင် ပြည်သူက ယုံကြည်အားထားရတဲ့ ပို့ဆောင်ရေးဖြစ်အောင် ကြိုးစားမြှင့်တင်ဆောင်ရွက်သွားကြဖို့”** ထပ်လောင်း မှာကြားထားပါသည်။ နိုင်ငံတော်သမ္မတကြီးက ရထားပို့ဆောင်ရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်စနစ်နှင့်အညီ မဟာဗျူဟာကျကျ သုံးသပ်ဆုံးဖြတ်ကာ စေတနာကောင်းဖြင့် တွန်းအားပေးမှာကြားထားခြင်းဖြစ်သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

**ပြည်သူ့အကျိုးကို တစိုက်မတ်မတ် ဖော်ဆောင်ထမ်းရွက်**

မြန်မာ့မီးရထားအနေဖြင့် ဖြတ်သန်းခဲ့ရသည့် (၁၄၉) နှစ်တာ ခရီးရှည်တစ်လျှောက်တွင် ခေတ်၊ စနစ်များ အမျိုးမျိုးအဖုံဖုံ ပြောင်းလဲခဲ့သော်လည်း မြန်မာ့မီးရထားသည် ပြည်သူ့အကျိုးကို တစိုက်မတ်မတ် ဖော်ဆောင်ထမ်းရွက်ခဲ့ပြီး ယနေ့ထက်တိုင် ဆက်လက်ရပ်တည်လျက် စဉ်ဆက်မပြတ် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ပါသည်။ နိုင်ငံအနှံ့အပြား ပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေး၊ ရထားလမ်းအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပါသည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဘေးဒဏ်ကြောင့် ရထားပြေးဆွဲရေး လုပ်ငန်းအပေါ် ကြီးမားသည့် ထိခိုက်မှုကြုံတွေ့ခဲ့ကြရသော်လည်း ရထားဝန်ထမ်းများ၏ရထားများ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရန် စွမ်းဆောင်ခဲ့မှုများကိုလည်း တွေ့မြင်ခဲ့ရပါသည်။ အဆိုပါ ပြင်းထန်မြေငလျင်ဒဏ်ကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတစ်လျှောက်နှင့် အခြားရထားလမ်းပိုင်းတို့တွင်ရှိသည့် ဘူတာရုံများ၊ ရထားသွားလာရေးလုပ်ငန်းဆောင်ရွက်သည့် ဆက်စပ်အဆောက်အအုံအချို့ပြိုကျပျက်စီးခြင်း၊ ရထားလမ်းမြေ တာပေါင်များ ကွဲအက်ခြင်း၊ သံလမ်းများ တွန့်လိမ်ပျက်စီးခြင်းနှင့် အဓိက

စာမျက်နှာ ၇ သို့ ✻

**❛ မြန်မာ့မီးရထားအနေဖြင့် ဖြတ်သန်းခဲ့ရသည့် (၁၄၉) နှစ်တာ ခရီးရှည်တစ်လျှောက်တွင် ခေတ်၊ စနစ်များ အမျိုးမျိုးအဖုံဖုံပြောင်းလဲခဲ့သော်လည်း မြန်မာ့မီးရထားသည် ပြည်သူ့အကျိုးကို တစိုက်မတ်မတ် ဖော်ဆောင်ထမ်းရွက်ခဲ့ပြီး ယနေ့ထက်တိုင် ဆက်လက်ရပ်တည်လျက် စဉ်ဆက်မပြတ် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ပါသည်။ နိုင်ငံအနှံ့အပြား ပြည်သူများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေး၊ ရထားလမ်းအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ❜**

# ရုပ်ရှင်အနုပညာဖန်တီးမှုများသည် စိတ်ကူးဉာဏ်စွမ်းဖြင့် တီထွင်ကြံဆဖန်တီးရသည့် ပညာရပ်ဖြစ်၍ အချို့အနုပညာဖန်တီးမှုများသည် လွန်ကဲသောဖန်တီးမှုမျိုးဖြစ်ပါက ပြည်သူများအတွက် အဆိပ်အတောက်ဖြစ်နိုင်သဖြင့် သတိဝီရိယကြီးစွာဖြင့် ဆောင်ရွက်ရန်လိုအပ်

**ရန်ကုန် မေ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း မပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ဝဇီရာရုပ်ရှင်ရုံ ရှင်းလင်းဆောင်၌ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်နေမှု လုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဗိသုကာ ကောင်စီဥက္ကဋ္ဌနှင့် ရွှေတောင်ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဝဇီရာရုပ်ရှင်ရုံသမိုင်းကြောင်း၊ ပြန်လည်ပြင်ဆင်မွမ်းမံနေမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံသည် ရုပ်ရှင်ရုံတစ်ခုတည်းမဟုတ်ဘဲ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတအနုပညာရပ်များ ဆုံစည်းရာနေရာဖြစ်လာမည်ဖြစ်သဖြင့် ရေရှည်လည်ပတ်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝဇီရာရုပ်ရှင်ရုံသည် ရေးဟောင်းအမွေအနှစ် ရုပ်ရှင်ရုံဖြစ်သဖြင့် တန်ဖိုးထားထိန်းသိမ်းရန်လိုအပ်ပါကြောင်း၊ ရုပ်ရှင်ရုံပြုပြင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ လာရောက်ကြည့်ရှုစဉ် လမ်းညွှန်မှာကြားချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်နှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းကို အပိုင်းလိုက်ပြုပြင်ပြီးစီးမှုများ၊ လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝဇီရာရုပ်ရှင်ရုံနှင့် မျက်နှာချင်းဆိုင်တွင်ရှိသည့် မြန်မာ့မီးရထားဝင်းအတွင်း ယာဉ်ရပ်နားစခန်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်ရုံများတွင် ရုံတင်ခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကားများ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ၊ အွန်လိုင်းရုပ်ရှင်ဇာတ်ကားများ၊ ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသသည့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကား၊ မြန်မာစာတန်းထိုး နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများနှင့် ဇာတ်လမ်းတွဲများကို ပြဋ္ဌာန်းထားသည့် ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ပြသနိုင်ရန် ဆောင်ရွက်ပေးနေသည့် ဆင်ဆာအဖွဲ့ဝင်များနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပေးထားသည့် ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များအနေဖြင့်လည်း ဇာတ်ကားများ စိစစ်ကြည့်ရှုစစ်ဆေးပေးရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် မိမိ၏ အတွေ့အကြုံဉာဏ်ပညာနှင့် မိမိတို့၏ ကိုယ်ပိုင်အချိန်များစွာကိုပေးပြီး အနစ်နာခံဆောင်ရွက်ပေးသည်ကို ကြားသိရသည့်အတွက် ဆင်ဆာအဖွဲ့ဝင်များအားလုံးကို ကျေးဇူးအထူးတင်ပါကြောင်း။

ရုံတင်ပြသသည့် မြန်မာ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ ပြသခြင်းကို လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကရုပ်သံလွှင့်ကုမ္ပဏီများ၊ Content Provider များသည် ပြည်သူကို ပညာပေးရန်၊ ဖျော်ဖြေပေးရန် စသည့်တာဝန်များကို မျှဝေလုပ်ဆောင်နေရခြင်းဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာဖန်တီးမှုများသည် စိတ်ကူးဉာဏ်စွမ်းဖြင့် တီထွင်ကြံဆဖန်တီးရသည့် ပညာရပ်ဖြစ်၍ အချို့အနုပညာဖန်တီးမှုများသည် လွန်ကဲသောဖန်တီးမှုမျိုးဖြစ်ပါက ပြည်သူများအတွက် အဆိပ်အတောက်ဖြစ်နိုင်သော အနုပညာဖန်တီးမှုဖြစ်သွားနိုင်သဖြင့် မူလဖန်တီးထုတ်လုပ်သည့် အနုပညာရှင်များက သတိဝီရိယကြီးစွာဖြင့် ဆောင်ရွက်ရန်လိုအပ်ပြီး ဆင်ဆာအဖွဲ့ဝင်များအနေဖြင့်လည်း စိစစ်အကဲဖြတ်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်ရှင်ဆင်ဆာနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ အတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆင်ဆာအဖွဲ့ဝင်များကိုယ်စား အကယ်ဒမီဒေါ်ဆွေဇင်ထိုက်နှင့် တက်ရောက်လာသူများက ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာနှင့်ပတ်သက်ပြီး အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိမော်ကွန်းရုပ်ရှင်သို့သွားရောက်၍ ရက်(၁၀၀)စီမံချက်တွင် ပါဝင်သည့် ရုပ်ရှင်သင်တန်းများ ဖွင့်လှစ်မည့် မော်ကွန်းရုပ်ရှင်အဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား မော်ကွန်းရုပ်ရှင်အစည်းအဝေးခန်းမ၌ Forever Group ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက Forver Group မှ ဆောင်ရွက်နေသည့် ရုပ်သံလိုင်းများ၊ သင်တန်းကျောင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရက် (၁၀၀) စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မော်ကွန်းရုပ်ရှင်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

## နောင်ချိုမြို့နယ်၌ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပညာပေးဆွေးနွေး

**နောင်ချို မေ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မြို့နယ်အတွင်း တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေး တောင်သူများ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလာစေရေးအတွက် နောင်ချိုမြို့နယ် နောင်တောကျေးရွာနှင့် လုံဝယ်ကျေးရွာတို့သို့ ယနေ့နံနက်ပိုင်းက ကွင်းဆင်းပညာပေး ဆွေးနွေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်သည် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများလိုက်ပါလျက် နောင်ချိုမြို့နယ် နောင်တောကျေးရွာနှင့် လုံဝယ်ကျေးရွာ၌ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံ၍ မွေးမြူရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**



✻ စာမျက်နှာ ၆ မှ

ရှေးဟောင်းတံတားကြီး ဖြစ်သည့် စစ်ကိုင်းတံတားကြီးအပါအဝင် ရထားတံတားအချို့ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရပါသည်။

မြန်မာ့မီးရထားအနေဖြင့် လူအင်အား၊ စက်ယန္တရားအင်အား၊ ထိရောက်သောထောက်ပံ့ပို့ဆောင်မှုများ အသုံးပြု၍ သတ်မှတ်စံချိန်စံနှုန်းနှင့် တိုင်းထွာတွက်ချက်မှုများကို အမြန်ဆုံးဆောင်ရွက်သွားနိုင်ခဲ့သည်ကိုလည်း တွေ့ရပါသည်။ မြေငလျင်လှုပ်ခတ်ပြီးနောက် ထိခိုက်ပျက်စီးသွားသည့် ရထားလမ်းပိုင်းများကို ခုနစ်ရက်အတွင်း အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ခဲ့ပြီး ၅-၄-၂၀၂၅ ရက်နေ့မှစတင်ကာ ရန်ကုန်-မန္တလေး လူစီးရထားခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးနိုင်ခဲ့ပါသည်။ ၂၄-၈-၂၀၂၅ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးသွားသည့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား ၇၆ ရက်အတွင်း အမြန်ဆုံးပြီးစီးအောင် ပြုပြင်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

**ဘက်ထရီလျှပ်စစ်စက်ခေါင်းအဖြစ် ပြောင်းလဲတည်ဆောက်နိုင်ခဲ့**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်း ခြောက်ခေါင်းကို ဘက်ထရီလျှပ်စစ်စက်ခေါင်း (Battery Electric Locomotive- BEL) အဖြစ် ပြောင်းလဲတည်ဆောက်နိုင်ခဲ့ပြီး အဆိုပါဘက်ထရီလျှပ်စစ်စက်ခေါင်း အသုံးပြု၍ နေပြည်တော် – မန္တလေး ရထားခရီးစဉ်နှင့် ရန်ကုန်မြို့ပတ်ခရီးစဉ်များတွင် စတင်အသုံးပြု ပြေးဆွဲပေးနိုင်ခဲ့ပါသည်။ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ပြည်တွင်းရှိ အိုင်တီကုမ္ပဏီတစ်ခုမှ ကျွမ်းကျင်သူများ ပူးပေါင်း၍ ရထားလက်မှတ်များကို အွန်လိုင်းမှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်းစနစ် (Online Railways Ticketing and Payment – ORTP System) ကို တည်ဆောက်၍ ရန်ကုန်-နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းအတွင်း ပြေးဆွဲပေးလျက်ရှိသည့် လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များရောင်းချပေးခြင်းကို ရှေ့ပြေးစမ်းသပ်မှုအစီအစဉ် (Pilot Project)အဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရထားပို့ဆောင်ရေး လုပ်ငန်းသည် နိုင်ငံတစ်ဝန်း သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သည်ဖြစ်ရာ မြန်မာ့မီးရထားတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းအပေါင်းတို့ကလည်း ရထားပို့ဆောင်ရေးလုပ်ငန်းတွင် အဓိကကျသည့် လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှု၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်မှု စသည့်အချက်များကို အထူးအလေးထားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြစေလိုပါကြောင်းနှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်မီရထားလုပ်ငန်း နည်းပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာ၍ ရထားပို့ဆောင်ရေးလုပ်ငန်းဖြင့် မိဘပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်လျက် မြန်မာ့မီးရထား ဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ကြပါစေကြောင်း လေးနက်စွာ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ



ရန်ကုန် မေ ၁

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးနေမင်းထွန်းနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)နှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတို့ကို သွားရောက်၍ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများသည် မိမိတို့ရာထူးအဆင့်နှင့်လျော်ညီစွာ အရည်အသွေးပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားကြရန် လိုအပ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ရက်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်သွားမည့်လုပ်ငန်းဆောင်ရွက်ချက်များကို အလေးထားလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမှန်ကန်စွာသုံးစွဲကြရန်၊ ရုံးနှင့် တိုင်းရင်းသားရိုးရာအိမ်များ၏ ဥပဓိရုပ်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရေး ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာ ကြိုးစားဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးက တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို တာဝန်ယူကြီးကြပ်သူ ညွှန်ကြားရေးမှူးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရက်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး တိုင်းရင်းသားရိုးရာအိမ်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အကြီးစားပြုပြင်မွမ်းမံရန် လိုအပ်သည့် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်မှ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ပြုပြင်မွမ်းမံနိုင်ရေးလုပ်ငန်းများ အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဆန်းသစ်တီထွင်မှုသည် ရိုးရာကို မကျော်လွန်စေရေးသည် အရေးကြီးသဖြင့် အထူးသတိပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ရက်(၁၀၀)ကာလအတွင်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးသင်တန်းများ၊ ရိုးရာယဉ်ကျေးမှုပွဲတော်အခမ်းအနားများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲများ၊ လေ့လာရေးခရီးစဉ်များ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး အသိပညာပေး ဟောပြောပွဲများ၊ တိုင်းရင်းသားဒေသများအရောက် ဆောင်ရွက်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ရက်ပေါင်း(၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးရုံးဝင်း ခြံစည်းရိုးအဟောင်းကို ဖြိုဖျက်၍ ခြံစည်းရိုးအသစ်ဆောင်ရွက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် စိမ်းလန်းစိုပြည် သာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁

နေပြည်တော် ကောင်စီဥက္ကဋ္ဌ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးဘေးရှိ မင်္ဂလာကန်ပတ်ဝန်းကျင်နှင့် ပန်းခြံအတွင်း စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော် ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကုမ္ပဏီတာဝန်ရှိသူက ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ရှိ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက် အပန်းဖြေနိုင်စေရန်အတွက် အသစ်ထပ်မံတည်ဆောက်မည့်လုပ်ငန်းများကို စံချိန်စံညွှန်း အရည်အသွေးပြည့်ဝစွာ ခေတ်မီနည်းစနစ်များဖြင့် ကြိုးစားလုပ်ဆောင်သွားရန် မှာကြားသည်။

ယင်းနောက် မန္တလေးလျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော မင်္ဂလာကန်နှင့် ပန်းခြံအတွင်း လူသွား လျှောက်လမ်းများ၊ ကန်ပတ်လမ်းများ၊ ကျောက်စီမြေထိန်းနံရံများ ပြုပြင်ပြီးစီးမှုအခြေအနေနှင့် မင်္ဂလာကန်အတွင်း ရေစီးဝင်/စီးထွက်မှုလမ်းကြောင်းများကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာနေပြည်တော်ကောင်စီဥက္ကဋ္ဌက မင်္ဂလာကန်သည် အများပြည်သူများ အပန်းဖြေအနားယူသည့် နေရာဖြစ်သည့်အတွက် အမြဲတမ်း သာယာလှပစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြုပြင်နေသည့်လုပ်ငန်းများကို အချောသတ်ပြီးစီးအောင် ဆောင်ရွက်၍ မလိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို ရှင်းလင်းဖယ်ရှားရန်၊ မင်္ဂလာကန်(၁)အနီး ရေပေါ်စင် ပြန်လည်ပြုပြင်ရန်၊ မင်္ဂလာကန်ပတ်လမ်းရှိ Pergola တွင် ထွန်းညှိထားသည့် LED မီးတန်းများအသစ်တပ်ဆင်ရန်၊ နာရီစင်အား အဆင့်မြှင့်တင်ရန်၊ မင်္ဂလာကန်(၃) ဘက်ခြမ်းရှိ ပျက်စီးနေသော ကန်ပတ်လမ်းကို ပြုပြင်ရန်၊ အများပြည်သူ ကျန်းမာရေးအတွက်အားကစားလေ့ကျင့်သည့်နေရာတွင် ပျက်စီးယိုယွင်းနေသော အားကစား လေ့ကျင့်ရေးဆိုင်ရာ ပစ္စည်းများကို စနစ်တကျပြန်လည် အစားထိုးတပ်ဆင်ပေးရန်တို့ကို ရက်ပေါင်း(၁၀၀) အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများတွင် ထည့်သွင်းလျာထား ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့နယ်၌ ဒေသန္တရစီမံကိန်းလုပ်ငန်း တာဝန်ပေးအပ်ပွဲကျင်းပ



ပခုက္ကူ မေ ၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့ရော(၁) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှငွေးမြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ကော်မတီအဖွဲ့ဝင်က ကဏ္ဍကြီးများအလိုက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသန္တရစီမံကိန်း ရည်မှန်းချက်လုပ်ငန်း တာဝန်များအား သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ကြကြောင်းသိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# သာပေါင်းမြို့နယ်၌ ပိုက်ဆံလျှော်(သစ်စိမ်းမြေသြဇာ)မျိုးစေ့ပေးအပ်ပွဲ ကျင်းပ

သာပေါင်း မေ ၁

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ် ဆင်ကူးတန်းကျေးရွာ၌ ဧပြီ ၂၉ ရက် နံနက်ပိုင်းက ပိုက်ဆံလျှော်(သစ်စိမ်းမြေသြဇာ)မျိုးစေ့ ပေးအပ်ပွဲနှင့် ကြဲပက်ပွဲအခမ်းအနား ကျင်းပသည်။



ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီး ကိုယ်စားလှယ် ဦးကိုကိုဇင်၊ မြို့နယ် စိုက်တိုးမြှင့်ကော်မတီဥက္ကဋ္ဌ ဦးမင်းဇေယျာထိုက်နှင့် ကော်မတီဝင်များ၊ အတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမြင့်လွင်တို့က တောင်သူများအား ပိုက်ဆံလျှော်(သစ်စိမ်းမြေသြဇာ) မျိုးစေ့များပေးအပ်ကြပြီး တောင်သူဦးမန်းထွန်း၏ လယ်မြေတစ်ကေတွင် မျိုးစေ့များကြဲပက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**စစ်တွေ မေ ၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းက ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဧည့်ဝတီအားကစားခန်းမ၌ တိုင်းဒေသကြီးနှင့်ပြည်နယ်အမျိုးသား U-18 ဘောလုံး ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက် ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်ကိုယ်စားပြု သွားရောက် ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား တွေ့ဆုံ သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် U-18 ဘောလုံးပြိုင်ပွဲနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရခိုင် ပြည်နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများနှင့်တွေ့ဆုံ၍ ပြိုင်ပွဲများတွင် ရိုးရိုးသားသား၊ ကြိုးကြိုးစားစားဖြင့် ဝင်ရောက် ယှဉ်ပြိုင်သွားကြရန်၊ ဖွဲလုံ့လကိုအရင်းခံပြီး အားကစား စိတ်ဓာတ်ဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရန် အားပေး စကားပြောကြားသည်။

ထို့နောက် စစ်တွေမြို့ အနောက်စံပြရပ်ကွက်ရှိ ပြည်နယ်အစိုးရအဖွဲ့သိုလှောင်ရုံတွင် ဆန်နှင့် အခြေခံ စားသောက်ကုန်များ၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်း များနှင့် ထောက်ပံ့ပစ္စည်းများ သိုလှောင်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီး ချုပ်က ပစ္စည်းများပျက်စီးမှုမရှိစေရေး၊ အလေအလွင့် မရှိစေရေးစနစ်တကျကြပ်မတ်ထိန်းသိမ်းဆောင်ရွက် ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သိုလှောင်ရုံတည်ဆောက် မည့် မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်း အတိုင်း အချိန်မီပြီးစီးရေး စနစ်တကျဆောင်ရွက် သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရုံး၌ ကူညီကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိ မှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်အစိုးရ အဖွဲ့ရုံး၌ ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကုမ္ပဏီများက ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကုမ္ပဏီများအနေဖြင့် ရခိုင်ပြည်နယ်တွင် ယခင် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက် ခဲ့မှု၏ အားနည်းချက်အားသာချက်များ၊ ယခု ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြေပြင် အခြေအနေများကို ကွင်းဆင်းလေ့လာကာ စနစ် တကျမီးလင်းနိုင်ရေး ဆောင်ရွက်မည့်အစီအမံကို ရှင်းလင်းတင်ပြပေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆိုလာ ကုမ္ပဏီများက မီးလင်းရေးအတွက် ဆောင်ရွက်နိုင် မည့်အစီအမံများကို အဆိုပြုတင်ပြကြရာ ပြည်နယ် ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးပေးပြီး ကုမ္ပဏီများက ခင်းကျင်းပြသထား သည့် ဆိုလာမီးများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ



**နေပြည်တော် မေ ၁**

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် အိန္ဒိယ ရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာ ရာ တပ်မတော်(ရေ)မှ အရာရှိကြီး များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ ရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူ များက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

**ဖူးမြော်ကြည်ညို**

အဆိုပါ ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့သည် ရွှေတိဂုံစေတီ တော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး မြန်မာ နိုင်ငံတွင် မေ ၆ ရက်အထိ နေထိုင် ၍ အထင်ကရနေရာများသို့ သွားရောက် လေ့လာလည် ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ် ဆိုင်ရာ ချစ်ကြည်ရေးခရီးစဉ်များ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက အမှတ်(၄) ရပ်ကွက် ရွှေရတုခန်းမ၌ မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေနှင့် ဝန်ထမ်းများ က ဆောင်ရွက်ပေးစဉ်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ဧပြီ ၂၉ ရက် နံနက်ပိုင်းက အလုံမြို့နယ် စေရန်ပိုင် အနောက်ရပ်ကွက်အတွင်း မီးသတိမူရေးနှင့် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးတင် မောင်ထွန်း ဦးဆောင်သောမီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ် ရေးအဖွဲ့နှင့် ပူးပေါင်းပြီး တစ်အိမ်တက်/ဆင်း လက်ကမ်းစာစောင် များ ဝေငှ၍စစ်ဆေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ညောင်လေးပင်မြို့၌ ပထမအကြိမ် ဂရန်အင်းများလေလံတင်ရောင်းချခြင်းနှင့် တင်ဒါပိုက်ချက်များ အိတ်ဖွင့်တင်ဒါရောင်းချခြင်း အခမ်းအနားကျင်းပ



**ညောင်လေးပင် မေ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာနမှ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ် ၂၀၂၆-၂၀၂၇ လုပ်ငန်းရာသီနှစ် ပထမအကြိမ် ဂရန်အင်းများ လေလံတင် ရောင်းချခြင်းနှင့် တင်ဒါပိုက်ချက်များ အိတ်ဖွင့်တင်ဒါရောင်းချခြင်း အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းလင်းက လေလံတင် ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက အမှာစကားပြောကြားကာ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထိန်ဝင်းက အင်း/တင်ဒါလေလံစည်းကမ်း ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လေလံတင်ရောင်းချရာ ပထမအကြိမ် ဂရန်အင်းလေလံ တင်ရောင်းချရာ၌ ဂရန်အင်း ရှစ်အင်း ရောင်းချနိုင်ခဲ့ပြီး တင်ဒါပိုက်ချက် များ အိတ်ဖွင့်တင်ဒါရောင်းချရာ၌ ခြောက်ခုရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနား တက်ရောက်



ပုသိမ် မေ ၁

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလုပ်ရှင်များ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အလုပ်သမားဝန်ကြီးဌာန၏ လုပ်ဆောင်ချက် Video Clip ကိုကြည့်ရှုအားပေးကြပြီး အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ ရာရွှေဝါခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ လေးထပ်ကွမ်းလူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် လူရည်ချွန်မောင်မယ်များကို လက်ဖက်ရည်ဝိုင်းဖြင့် ဂုဏ်ပြုဧည့်ခံခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနား ကျင်းပ

ထားဝယ် မေ ၁

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်းနှင့် ကျွန်းစုမြို့နယ် ကုန်တင်ကုန်ချ ကော်မတီရုံးများမှ မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမား ၁၂၄ ဦးကို တစ်ဦးလျှင် ဆန် ၁၂ ပြည်နှင့် ဆီတစ်လီတာနှုန်းဖြင့် ချီးမြှင့်ငွေ ကျပ် ၁၀၅၉၁၀၀၀ ကို ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အလုပ်သမား ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း Video Clip နှင့် အလုပ်သမား ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့တို့၏ အလုပ်သမားရေးရာ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အလုပ်သမားရေးရာဥပဒေစာအုပ်များနှင့် လက်ကမ်းစာစောင်များ၊ စာအုပ်စာတမ်းများ ပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြို့တော်ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးအတွင်းမှ ဒေသအလိုက် ထွက်ရှိသည့် ဒေသထွက်ကုန်နှင့် ဒေသထွက် စားသောက်ကုန်များ၊ ကုန်ကြမ်းများ၊ MSME ထုတ်ကုန်ပစ္စည်း အရောင်းပြခန်းတွင် ဒေသထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက် သစ်သီးများ၊ တန်ဖိုးမြင့်ရေရှည် စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း အရောင်းပြခန်း ၃၂ ခန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁

၂၀၂၆ ခုနှစ် မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စားစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးအောင်ဇေယျ၊ နေပြည်တော်ဌာနဆိုင်ရာများ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်ရှင်/အလုပ်သမားများ တက်ရောက်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးအောင်ဇေယျက ဖတ်ကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်သမားများ ဘေးကင်းလုံခြုံ၍ ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နိုင်ခွင့်၊ ကျွမ်းကျင်မှုနှင့်ကြိုးစားအားထုတ်မှုတို့အပေါ် မူတည်၍ သင့်တင့်မျှတသောလုပ်ခလစာနှင့် လုပ်ငန်းခွင်တွင် တန်းတူညီမျှခွင့် စသည့်အခွင့်အရေးများရရှိရန် အလုပ်သမားဥပဒေများနှင့်အညီ စစ်ဆေးကြီးကြပ်ပေးလျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် အလုပ်သမားကြီးများအပါအဝင် နိုင်ငံသားအားလုံး၏ လူမှုစီးပွားဘဝမြင့်တင်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် နေထိုင်နိုင်ရေး၊ ပြည်သူလူထု၏ အဓိကအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့တွင် အလုပ်သမားထုကြီး၏ အခန်းကဏ္ဍမှာ မြင့်မားစွာပါဝင်လျက်ရှိသည်။ ထို့အတွက် အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

မင်းဘူး မေ ၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက ရွှေရောင်တော်ကျေးရွာဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုခိုင်က သင်တန်းဖွင့်လှစ် ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင်က အမှာစကားပြောကြားကာ မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်သည်။

သင်တန်းတွင် သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး အခြေခံနှင့် မွမ်းမံသင်တန်းများအဖြစ် ရက်ပေါင်း ၄၅ ရက်ကြာဖွင့်လှစ်ကာ လုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်သည်အထိ စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ထို့အတူ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့် မင်းဘူးခရိုင်အတွင်း၌ ကျေးရွာခြောက်ရွာအား စိစစ်ရွေးချယ်ပြီး စီမံကိန်းလုပ်ငန်းခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားလုပ်ငန်းရှင် ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ပြီး နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)စီမံချက်အတွင်း စုစုပေါင်းလုပ်ငန်းရှင် ၃၀ ပေါ်ထွက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**



# ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ



**နေပြည်တော် မေ ၁**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ တောင်ငူလေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ တောင်ငူလေတပ်စခန်းဌာနချုပ် လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီးရန်နိုင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် တစ်ဦးချင်းဆုရရှိသူများနှင့် အသင်းလိုက်ဆုရရှိသူများကို တာဝန်ရှိသူများက လည်းကောင်း၊ တံခွန်စိုက်ဒိုင်း ရရှိသော တောင်ငူလေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီး ရန်နိုင်ကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်(လေ)ကွပ်ကဲမှုအောက်ရှိ လေတပ်ကွပ်ကဲမှုဌာနချုပ်များ၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဧပြီ ၂၇ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဇမ္ဗူသီရိမြို့နယ်၌ အခွန်ဆိုင်ရာကိစ္စရပ်များရှင်းလင်း

**နေပြည်တော် မေ ၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ ဝင်ငွေကြေညာလွှာ၊ နှစ်ချုပ်ကြေညာလွှာ တင်သွင်းခြင်းနှင့် အခွန်ဆိုင်ရာကိစ္စရပ်များ သိရှိနားလည်စေရေး ရှင်းလင်းခြင်းအခမ်းအနားကို ဧပြီ ၂၉ ရက်က ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ဇမ္ဗူသီရိမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်အောင်က အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန သီရိ(၅)မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးလှငွေက ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများနှင့် အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ သီရိ(၅)မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးလှငွေက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **နီလာ(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ နွေစပါးစိုက်ကေများအား သမဝါယမပိုင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်း

**တိုက်ကြီး မေ ၁**

ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာနပိုင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးများ ရိတ်သိမ်းပေးခြင်းကို ဧပြီ ၂၈ ရက်က ကြိုးကြာကျေးရွာအုပ်စုရှိ အသင်းသား တောင်သူ ဦးလှမျိုးအောင်၏ ဗီယက်နမ်မျိုး စိုက်ပျိုးထားသည့် လယ် ရှစ်ဧက၌ ဆောင်ရွက်သည်။



အဆိုပါ ရိတ်သိမ်းခြွေလှေ့နေမှုကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းထွန်းနှင့် မြို့နယ် သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုရာ တစ်ကေလျှင် တင်း ၁၀၀ နှုန်းထွက်ရှိပြီး တိုက်ကြီးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနှင့် အသင်းပိုင် အစီအစဉ်ဖြင့် အသင်း ၂၈ သင်း၊ အသင်းသား ၄၅၉ ဦး၊ လယ်ဧက ၃၆၀၀ ကို ဆောင်ရွက်နိုင်ခဲ့ကာ ဆောင်ရွက်ပြီးစီးသည့် အသင်းသားပိုင်လယ်များအား အစိုးရသစ်၏ ရက် (၁၀၀) ကာလအတွင်း သမဝါယမပိုင် ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြု၍ သက်သာသောနှုန်းထားဖြင့် ရိတ်သိမ်းပေးလျက်ရှိကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ကော့ကရိတ်မြို့၌ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**ကော့ကရိတ် မေ ၁**

ကော့ကရိတ်မြို့ ပြန်လည်ထူထောင်ရေး မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်နွယ်ရီက ကော့ကရိတ်ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ကော့ကရိတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နီနီအောင်တို့နှင့် တွေ့ဆုံ၍ တိုးချဲ့မွေးမြူရေးလုပ်ငန်းများ၊ စိုက်မွေးအထကကျောင်းသားများ မြေတောင်မြှောက်ပေးနိုင်ရေးလုပ်ငန်းများ၊ ရုံးပြင်ဆင်ရေးလုပ်ငန်းများ၊ မွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်နိုင်မည့်လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးက ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများအားတွေ့ဆုံပြီး အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရုံးပြင်ဆင်နိုင်ရန်အတွက် ဦးစားပေးအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် နွားမွေးမြူရေးဆောင်ရွက်သူ ဦးမောင်ထွေးနှင့် ဦးအာလီတို့၏ နွားခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့မွေးမြူနိုင်ရေး တွန်းအားပေးဆောင်ရွက်ခဲ့ပြီး နွားသကာတုံးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## လမ်းမတော်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်မရှိသေးသူများအား ဆောင်ရွက်ပေးခြင်းကို ဧပြီ ၂၉ ရက်က အထက(၂) မြတ်ပညာခန်းမ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်တံတားခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်း၊ လမ်းမတော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်နှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)နှင့် KBZMS တို့ ပူးပေါင်း၍ Travel Protect Insurance ကို စတင်မိတ်ဆက်

**ရန်ကုန် မေ ၁**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) အနေဖြင့် KBZMS General Insurance နှင့် ပူးပေါင်း၍ Travel Protect Insurance ကို စတင်မိတ်ဆက်ခဲ့ကြောင်း MAI က ထုတ်ပြန်ကြေညာသည်။

အဆိုပါ ဝန်ဆောင်မှုအသစ်သည် ခရီးသည်များအတွက် လုံခြုံရေး အဆင်ပြေမှုနှင့် စိတ်ချယုံကြည်မှုကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ထားပြီး ဧပြီ ၂၈ ရက်မှ စတင်၍ ခရီးသည်များအနေဖြင့် MAI ၏ တရားဝင်ဝက်ဘ်ဆိုက် www.maiair.com ရှိ add-on section မှတစ်ဆင့် Travel Protect Insurance ကို လွယ်ကူစွာ ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်သည်။



KBZMS Travel Protect ခရီးသွားအာမခံသည် ကူးစက်မြန်ရောဂါ အပိုအကာအကွယ်(COVID-19 အပါအဝင်)၊ ခရီးဆောင်အိတ် နှောင့်နှေးကြန့်ကြာခြင်း၊ ခရီးဆောင်အိတ် ပျောက်ဆုံးခြင်း/ပျက်စီးခြင်း၊ လေယာဉ်ချိန်နှောင့်နှေးကြန့်ကြာခြင်း၊ ခရီးစဉ်ဖျက်သိမ်းခြင်း၊ ကိုယ်တိုင်ပေးလျော်ရန် တာဝန်ရှိမှု စသည့် အပိုအကာအကွယ်များအပြင် အခြားသော အခြေခံ အကာအကွယ်များဖြစ်သည့် မတော်တဆမှုကြောင့်သေဆုံးခြင်းနှင့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း၊ ဆေးကုသမှု ကုန်ကျစရိတ်များ၊ ရုပ်ကြွင်းပြန်လည်သယ်ယူခြင်းတို့ကဲ့သို့သော မမျှော်မှန်းနိုင်သည့် ကုန်ကျစရိတ်များအတွက် အကာအကွယ်ပေးနိုင်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)သည် ရန်ကုန်နှင့် မန္တလေးမြို့များကို အခြေပြု၍ ပြည်တွင်းခရီးစဉ် ၁၈ မြို့နှင့် ပြည်ပခရီးစဉ်များ ၂၃ မြို့သို့ Airbus A320 Family လေယာဉ်များ၊ Embraer E190 လေယာဉ်များ၊ ATR72-600 လေယာဉ်များနှင့် Boeing 737 Freighter တို့ဖြင့် ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **ကိုထက်**

# ဂျပန်ဝန်ကြီးချုပ် တာကာချီ ဆာနေး ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္ဓိုင်းသို့ ယနေ့ ရောက်ရှိ

**တိုကျို မေ ၁**

ဂျပန်ဝန်ကြီးချုပ် တာကာချီ ဆာနေးက ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္ဓိုင်းသို့ ယနေ့ ရောက်ရှိခဲ့သည်။

ဆာနေးက ဗီယက်နမ်နှင့် ဩစတြေးလျနိုင်ငံတို့သို့ ငါးရက်ကြာ ခရီးထွက်ခွာလျက်ရှိသည်။ အဆိုပါခရီးစဉ်သည် စွမ်းအင်နှင့် အရေးကြီးသောပစ္စည်းများ အထောက်အပံ့ ရရှိရန် ရည်ရွယ်ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများ မြင့်တက်လျက်ရှိစဉ် အာရှတစ်လွှား၌ ထောက်ပံ့ရေးကွင်းဆက်များ အားကောင်းစေရန် နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း ဆာနေးက ခရီးစဉ်မစတင်မီ ဟာနီဒါလေဆိပ်၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် တာကာချီဆာနေးက ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူး သမ္မတ တိုလမ်နှင့် ဝန်ကြီးချုပ် လီမင်ဟန်တို့နှင့် တွေ့ဆုံမည်ဖြစ်သည်။

ရေနံမှရရှိသော ဆေးဘက်ဆိုင်ရာ ထုတ်ကုန်များနှင့် စွမ်းအင်ရရှိရေးတို့အတွက် ပိုမိုခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေး ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်အပါအဝင် ကမ်းရိုးတန်းစောင့် တပ်ဖွဲ့များ၏ စွမ်းဆောင်ရည်နှင့် အခြားသော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

မေ ၄ ရက်တွင် ဆာနေးက ဩစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီးစ်နှင့် တွေ့ဆုံပြီး ဓာတ်ငွေ့ရည်နှင့် အရေးကြီးသော သယံဇာတများ ပြတ်လပ်မှု မရှိစေရန် အတူတကွ ပူးပေါင်းလုပ်ဆောင်မည့် နည်းလမ်းများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**






# အီရန်နိုင်ငံ Imam Khomeini အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံရပ်ခြားခရီးစဉ်များ ပြန်လည်စတင်

**တီဟီရန် မေ ၁**

အီရန်နိုင်ငံအပေါ် အမေရိကန်နှင့် အစ္စရေးတို့၏ တိုက်ခိုက်မှုများကြောင့် ရပ်နားထားရသည့် နိုင်ငံရပ်ခြား ခရီးစဉ်များကို အီရန်နိုင်ငံ Imam Khomeini အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယမန်နေ့က ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေဆိပ်၏ ဂိတ်နှစ်ခု၌ ခရီးသည်များနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်အားလုံးကို ဘေးကင်းစွာ ဖြတ်သန်းသွားလာလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တော်၊ တရုတ်နိုင်ငံ ပေကျင်း၊ ရှန်ဟိုင်း၊ ဂွမ်ဇူးနှင့် ရှင်ကျန်း၊ ထိုင်းနိုင်ငံ ဘန်ကောက်၊ အိုမန်နိုင်ငံ မတ်စကတ်၊ အီရတ်ကူဒစ္စတန်ဒေသ၏ အာဘီးလ်၊ အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်၊ ရုရှားနိုင်ငံ မော်စကို၊ ကာတာနိုင်ငံ ဒိုဟာ၊ အီရတ်နိုင်ငံ ဘဂ္ဂဒတ်နှင့် နာဂျဖ်မြို့နှင့် အာမေးနီးယားနိုင်ငံ ယေရေဗန်မြို့တို့၏ လေဆိပ်များ၌ ပျံသန်းမှုများ ပြန်လည်စတင်ရန် လိုအပ်သော စီမံမှုများကို ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း Imam Khomeini အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တာဝန်ရှိသူ ရာမင်ကာရှဖ်အာဇာက ပြောကြားသည်။

ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ အမေရိကန်နှင့် အစ္စရေးတို့ ပူးပေါင်းတိုက်ခိုက်မှုအပြီးတွင် အီရန်က ၎င်း၏လေပိုင်နက်ကို ပိတ်ပစ်ခဲ့ပြီး နိုင်ငံတစ်ဝန်း အရပ်ဘက် လေကြောင်းပျံသန်းမှုများကို ရပ်ဆိုင်းခဲ့သည်။

နိုင်ငံ၏ အရှေ့ဘက်လေပိုင်နက်ကို နိုင်ငံတကာလေကြောင်းခရီးစဉ်များအတွက် ဧပြီ ၁၈ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် အခြားသော လေဆိပ်များတွင် ခရီးသည်တင်လေယာဉ်များ တဖြည်းဖြည်း ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

တပ်မတော်နှင့် အရပ်ဘက်အာဏာပိုင်များ၏ နည်းပညာပိုင်းနှင့် စစ်ဆင်ရေးဆိုင်ရာ ပြင်ဆင်မှုများ ပြီးသည်နှင့် ပျံသန်းမှု ဝန်ဆောင်မှုများကို ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန် အရပ်ဘက် လေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံတစ်ဝန်း၌ ဝက်သက်ရောဂါကူးစက်မှု မြင့်တက်လျက်ရှိ

**တိုကျို မေ ၁**

ဂျပန်နိုင်ငံတစ်ဝန်း၌ ဝက်သက်ရောဂါကူးစက်မှုသည် ၂၀၂၀ ပြည့်နှစ်မှစ၍ အလျင်မြန်ဆုံးနှုန်းဖြင့် မြင့်တက်လျက်ရှိသည်။

ဝက်သက်ရောဂါပိုးသည် လေထဲတွင်သာမက ရုပ်ပိုင်းဆိုင်ရာ ထိတွေ့ခြင်းမှလည်း ကူးစက်နိုင်သော ကူးစက်မြန် ဗိုင်းရပ်စ်တစ်မျိုးဖြစ်သည်။ ပြင်းထန်စွာ ရောဂါခံစားရပါက သေဆုံးသည်အထိ ဖြစ်နိုင်သည်။

ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ ချောင်းဆိုးခြင်းနှင့် အဖုများထွက်ခြင်းတို့ ပါဝင်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ရောဂါကူးစက်ခံရသူ ၅၇ ဦးအထိရှိကြောင်း ဂျပန်ကျန်းမာရေးအင်စတီကျူ၏ အစီရင်ခံစာအရ သိရသည်။

ယခုနှစ်အတွင်း ရောဂါကူးစက်ခံရသူပေါင်း ၃၆၂ ဦးရှိပြီး ယမန်နှစ်ကူးစက်မှုအရေအတွက် ၂၆၅ ဦးထက် ကျော်လွန်သွားခဲ့သည်။

အဆိုပါ ရောဂါကူးစက်ခံရသူ ၇၀ ရာခိုင်နှုန်းခန့်သည် နိုင်ငံအတွင်း၌ ကူးစက်ခံထားရခြင်းဖြစ်သည်။

ဂျပန်နိုင်ငံက ဝက်သက်ရောဂါ ကင်းရှင်းကြောင်း ကြေငြာထားသည့်အတွက် အဆိုပါ ရောဂါကူးစက်ခံရသူများသည် ရောဂါပိုးသယ်ဆောင်လာသူ တစ်ဦးမှစတင် ကူးစက်ဖွယ်ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက သုံးသပ်ပြောကြားသည်။

ကာကွယ်ဆေး ထိုးနှံမှုသည် ရောဂါပိုးကူးစက်မှုကို တားဆီးနိုင်ကာ ကူးစက်ခံရသူများ၏ လက္ခဏာများကို လျော့ပါးစေပြီး ရောဂါပြန့်ပွားမှု အန္တရာယ်ကို လျှော့ချနိုင်ကြောင်း ကာဝါဆာကီမြို့ ပြည်သူ့ကျန်းမာရေး အင်စတီကျူမှ တာဝန်ရှိသူ အိုကာဘီနိုဘူဟီကိုက ပြောကြားသည်။

အသက်တစ်နှစ်အရွယ်မှစပြီး အသက် ငါးနှစ်အထိ ကာကွယ်ဆေး နှစ်ကြိမ်ထိုးသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကာကွယ်ဆေး မထိုးရသေးသော ကလေးငယ်များအနေဖြင့် ရောဂါပိုးကူးစက်ခံရပါက နောက်ဆက်တွဲပြဿနာများ ပိုမိုဆိုးရွားစွာ ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက မိဘများအား တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံရှိ ရေဆိုးသန့်စင်စက်ရုံတစ်ခု၌ အဆိပ်ဓာတ်ငွေ့ ယိုစိမ့်မှု ဖြစ်ပွား

**နယူးဒေလီ မေ ၁**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရာတ်ရှ်ထရာပြည်နယ်ရှိ ရေဆိုးသန့်စင်စက်ရုံတစ်ခုတွင် အဆိပ်ဓာတ်ငွေ့ ယိုစိမ့်မှု ယနေ့ ဖြစ်ပွားခဲ့ရာ မီးသတ်နှင့် အရေးပေါ်ဝန်ထမ်းနှစ်ဦး အပါအဝင် အနည်းဆုံး ၂၄ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါစက်ရုံသည် မဟာရာတ်ရှ်ထရာပြည်နယ်မြို့တော် မွမ်ဘိုင်း၏ အရှေ့တောင်ဘက် ၁၆၇ ကီလိုမီတာအကွာရှိ ပူးနေးခရိုင် ကွန်ဒ်ဝါမြို့တွင် တည်ရှိသည်။

ဓာတ်ငွေ့ယိုစိမ့်မှုသည် ကလိုရင်းပါရှိသော စွန့်ပစ်ကန်မှဖြစ်ပွားကြောင်း ရဲအရာရှိများက ပြောကြားသည်။

အဆိုပါနေရာတွင် ယခင်က ရေဆိုးသန့်စင်စက်ရုံ လုပ်ကိုင်သူတစ်ဦးက စက်ရုံကို ဖြိုဖျက်ခဲ့သော်လည်း ကလိုရင်းပြည့်နေသည့် စွန့်ပစ်ကန်အား စနစ်တကျထိန်းသိမ်းခြင်းမရှိဘဲ စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိများက ပြောကြားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ရဲအရာရှိများက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၏ (၁၃၉)ကြိမ်မြောက် သွင်းကုန် ပို့ကုန်ဆိုင်ရာပြပွဲ၌ နိုင်ငံနှင့်ဒေသပေါင်း ၂၁၉ ခုမှ ပြည်ပဖောက်သည် ၂၄၅၀၀၀ ကို ဆွဲဆောင်နိုင်ခဲ့

**ကွမ်ကျိုး မေ ၁**

တရုတ်နိုင်ငံ၏ (၁၃၉)ကြိမ်မြောက် သွင်းကုန်ပို့ကုန်ဆိုင်ရာ ပြပွဲကို လက်ရှိအချိန်တွင် အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပရာ နိုင်ငံနှင့်ဒေသပေါင်း ၂၁၉ ခုမှ ပြည်ပဖောက်သည် ၂၄၅၀၀၀ ကို ဆွဲဆောင်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ ပြည်ပကုန်သွယ်ရေးစင်တာက ပြောကြားသည်။

ကန်တုန်ပြပွဲဟုအမည်တွင်သည့် ၎င်းပြပွဲသို့ ပြည်ပမှ စက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ အဖွဲ့အစည်း ၁၄၀ တက်ရောက်ခဲ့ပြီး ၎င်းတို့အနက် အမေရိကန်နိုင်ငံ၊ မက္ကဆီကို၊ ဗြိတိန်၊ ဂျာမနီ၊ ဂျပန်နှင့်အခြား ကမ္ဘာ့နိုင်ငံများမှ ထိပ်တန်းလုပ်ငန်း ၃၄၄ ခု ပါဝင်သည်။

ယခုပြပွဲကို တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်၊ ကွမ်ကျိုးမြို့တွင် မေ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကာ ဆောက်လုပ်ရေး၊ ပရိဘောဂနှင့် အိမ်အလှဆင်ပစ္စည်းများ၊ မိခင်နှင့် ကလေးဆိုင်ရာ ပစ္စည်းကိရိယာများ၊ ချည်ထည်များ၊ စာရေးကိရိယာနှင့် ကျန်းမာရေးထုတ်ကုန်များကို ရောင်းချမည်ဖြစ်သည်။

၁၉၅၇ ခုနှစ်မှ စတင်၍ ကွမ်ကျိုးမြို့တွင် တစ်နှစ်လျှင် နှစ်ကြိမ် ခင်းကျင်းပြသခဲ့သည့် ကန်တုန်ပြပွဲသည် တရုတ်နိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာ ကုန်သွယ်ရေးပြပွဲဖြစ်ပြီး တရုတ်နိုင်ငံ ပြည်ပကုန်သွယ်မှုအတွက် အရေးပါသော ပြပွဲတစ်ခုဖြစ်သည်။ **ကိုးကား– ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# မတတ် – မရှိ သံသရာမှ လွတ်မြောက်အောင်

**နေမင်းသျှင်**

မြန်မာနိုင်ငံရဲ့ အားနည်းနိမ့်ကျနေတဲ့ ပညာရေးအခြေအနေကို ကျွန်တော်တို့ မကြာခဏဆိုသလို တွေ့မြင်ကြားသိနေကြရပြီးဖြစ်ပါတယ်။ လူတစ်ဦးချင်းစီရဲ့ ဘဝအခွင့်အလမ်းတွေ ဖန်တီးရာမှာရော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများမှာပါ အဓိကအရေးပါတဲ့ ပညာရေးကဏ္ဍ နိမ့်ကျနေခြင်းဟာ နိုင်ငံအတွက် အလားအလာကောင်း မဟုတ်ပါဘူး။

> **ဒီကနေ့ မိမိတို့ရဲ့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာ ထူးချွန်ထက်မြက်တဲ့ လူ့စွမ်းအားအရင်းအမြစ် အားကောင်းမောင်းသန်ရှင်သန်ဖွံ့ဖြိုးနေဖို့ လိုပါတယ်။ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ နည်းပညာရှင်တွေ၊ ကျွမ်းကျင်သူတွေ အမြောက်အမြား လိုအပ်နေပေမယ့် လက်ရှိမိမိတို့နိုင်ငံမှာ လူဦးရေထက်ဝက်လောက်က မူလတန်းပညာရေးလောက်ပဲ တတ်မြောက်နေကြတာ၊ လူဦးရေ သုံးပုံ တစ်ပုံနီးနီးက ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ကို ရောက်ရှိနေတာကြောင့် အမျိုးသားပညာရေးကို မြှင့်တင်ကြရမယ့်အရေးဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ တစ်မျိုးသားလုံးက အရေးတကြီးဆောင်ရွက်ကြရမယ့် အမျိုးသားရေးဖြစ်**

ဒီအခြေအနေဟာ လတ်တလော ဖြစ်ပေါ်လာတာမျိုးမဟုတ်ဘဲ အတိတ်ကာလတစ်လျှောက် နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်စဉ်တွေနဲ့ အတူ ကာလရှည်ကြာဖြစ် ပေါ်လာခဲ့တာဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပညာရေးမြှင့်တင်မှုအတွက် အစိုးရအဆက်ဆက်က မူဝါဒတွေ ချမှတ်ပြီး မြှင့်တင်ပေးခဲ့ပေမယ့် လိုအပ်ချက်တွေ ရှိနေဆဲဖြစ်သလို ပညာရေးကဏ္ဍ မြှင့်တင်မှုဟာ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် စဉ်ဆက်မပြတ် လုပ်ကိုင်သွားကြရမယ့် လုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါတယ်။

**ပစ္စုပ္ပန်ကာလ မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေကို တိတိကျကျတွေ့နိုင်**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှာ ပစ္စုပ္ပန်ကာလ မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေကို တိတိကျကျ၊ ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ပညာသင်ကြားရာမှာ အမြင့်ဆုံးရောက်ရှိခဲ့တဲ့ အဆင့်၊ ဘယ်အသက်အရွယ်အထိ ကျောင်းတက်ခဲ့ကြသလဲ စတဲ့ ကိန်းဂဏန်းအချက်အလက်တွေ၊ ကလေးသူငယ်တွေ မူကြိုအရွယ်ကျောင်းနေမှုကနေ အခြေခံ စာတတ်မြောက်မှု၊ အထက်တန်းအဆင့် ပညာဆက်လက်သင်ယူမှုနဲ့ အဆင့်မြင့်ပညာ တတ်မြောက်မှုတွေ၊ မြို့ပြနဲ့ ကျေးလက်ပညာရေး ကွာဟချက်တွေ၊ ကျား/မနဲ့ ဒေသအလိုက် ကွဲပြားခြားနားမှုတွေကိုလည်း သန်းခေါင်စာရင်းမှာအချက်အလက်တွေနဲ့ စနစ်တကျရှင်းလင်းတင်ပြထားတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အသက် ၁၅ နှစ်နဲ့အထက် အရွယ်ရောက်ပြီးသူ ၁၀ ဦးမှာ ကိုးဦးက စာရေးနိုင်၊ ဖတ်နိုင်ကြပြီး စာတတ်မြောက်မှုနှုန်း ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။ အခြေခံသင်္ချာ တွက်ချက်နိုင်မှုနှုန်းကလည်း ၉၂ ဒသမ ၃ ရာခိုင်နှုန်း ရှိနေတာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အခြေခံ အရေး၊ အဖတ်၊ အတွက် စွမ်းရည်ညီမျှစွာရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ မြို့ပြနဲ့ကျေးလက် စာတတ်မြောက်မှုနှုန်းတွေကို နှိုင်းယှဉ်ကြည့်ရင်တော့ မြို့ပြမှာ ၉၅ ရာခိုင်နှုန်းရှိပြီး ကျေးလက်မှာ ၉၀ ဒသမ ၁ ရာခိုင်နှုန်းရှိနေတာကြောင့် မြို့ပြက ရာခိုင်နှုန်းကွာခြားချက် ၅ နဲ့ အနည်းငယ်သာပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကွာခြားချက်တွေမှာတော့ ရန်ကုန်၊ ပဲခူး၊ မန္တလေးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့က အခြေခံ အရေး၊ အဖတ်၊ အတွက် တတ်မြောက်မှု ၉၄ ရာခိုင်နှုန်းကျော်နဲ့ ထိပ်ဆုံးမှာရှိနေကြပြီး နေပြည်တော်၊ တနင်္သာရီ၊ ကချင်နဲ့ မကွေးတို့မှာ တစ်နိုင်ငံလုံးရဲ့ ပျမ်းမျှဖြစ်တဲ့ ၉၂ ရာခိုင်နှုန်းကျော်ဝန်းကျင်မှာ ရှိနေကြတာဖြစ်ပါတယ်။ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာတော့ တစ်နိုင်ငံလုံး ပျမ်းမျှ ရာခိုင်နှုန်းအောက် အနည်းငယ်ရောက်ရှိနေတာကြောင့် ကြိုးပမ်းဆောင်ရွက်မယ်ဆိုရင် ပိုမိုတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးရဲ့ ပျမ်းမျှအောက် ရောက်ရှိနေတဲ့ ဒေသတွေက ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့ဖြစ်ပြီး ရခိုင်ပြည်နယ်ရဲ့ စာတတ်မြောက်မှုနှုန်းကတော့ ၇၀ ရာခိုင်နှုန်းသာရှိတာကို တွေ့ရပါတယ်။ တစ်နိုင်ငံလုံးရဲ့ ပျမ်းမျှစာတတ်မြောက်မှုနှုန်းအောက်ကို ကျရောက်နေတဲ့ ဒေသတွေအတွက် စာတတ်မြောက်ရေးအစီအစဉ်တွေနဲ့ ဒုတိယအခွင့်အလမ်း သင်ယူမှုအစီအစဉ်တွေကို ပိုမိုစီစဉ်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အသက် ၃ နှစ်ကနေ ၂၅ နှစ်ကြား လူဦးရေ ၁၀ ဒသမ ၅ သန်းခန့်ရှိတဲ့အနက် ၅၆ ဒသမ ၁ ရာခိုင်နှုန်းဟာ လက်ရှိကျောင်းတက်နေကြသူတွေဖြစ်ကြပြီး ၃၄ ဒသမ ၁ ရာခိုင်နှုန်းဟာ ယခင်က ကျောင်းတက်ခဲ့ဖူးသူတွေဖြစ်တယ်လို့ ၂၀၂၄ သန်းခေါင်စာရင်းမှာ ဖော်ပြထားပါတယ်။ ကျောင်းလုံးဝ မတက်ဖူးသူ ၉ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်လို့လည်း ဆိုပါတယ်။ မြို့ပြဒေသတွေက ကျေးလက်ဒေသတွေထက် လက်ရှိကျောင်းတက်ရောက်နေသူအချိုးအစား ပိုမိုများပြားတာကို တွေ့ရပြီး ရာခိုင်နှုန်းအားဖြင့် မြို့ပြမှာ ၅၇ ဒသမ ၄ ရာခိုင်နှုန်း၊ ကျေးလက်မှာ ၅၅ ဒသမ ၂ ရာခိုင်နှုန်း ရှိနေတယ်လို့ တွေ့ရပါတယ်။ ယခင်ကျောင်းတက်ခဲ့ဖူးသူ ရာခိုင်နှုန်းမှာလည်း မြို့ပြဒေသက ပိုမိုမြင့်မားတာကြောင့် မြို့ပြဒေသတွေမှာ ပညာရေး အခွင့်အလမ်းတွေ ပိုမိုရရှိခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ လုံးဝ ကျောင်းမတက်ဖူးသူ များပြားတဲ့ ဒေသတွေအနေနဲ့ ကရင်ပြည်နယ်မှာ ၁၂ ဒသမ ၉ ရာခိုင်နှုန်းနဲ့ ရှမ်းပြည်နယ်မှာ ၁၇ ဒသမ ၁ ရာခိုင်နှုန်းအထိ ရှိနေပြီး ရခိုင်ပြည်နယ်ကတော့ ၃၆ ဒသမ ၄ ရာခိုင်နှုန်းနဲ့ လုံးဝ ကျောင်းမတက်ဖူးသူ အများဆုံးရှိနေတာ ဖြစ်ပါတယ်။

**အမြင့်ဆုံးပညာအရည်အချင်း ဖော်ပြ**

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမှာ အရွယ်ရောက်သူများ ပြီးမြောက်ခဲ့တဲ့ အမြင့်ဆုံးပညာအရည်အချင်းကို ဖော်ပြထားရာမှာ မူလတန်းပညာရေး မပြီးမြောက်သေးသူများကနေ ဘွဲ့လွန်ဒီဂရီရသူများအထိ ပါဝင်ပါတယ်။ အရွယ်ရောက်သူ လူဦးရေ စုစုပေါင်းရဲ့ ၄၆ ရာခိုင်နှုန်းဟာ KG သို့မဟုတ် မူလတန်းအဆင့်ကိုသာ ပြီးမြောက်ခဲ့ကြပါတယ်။ ကျား/မ ခွဲခြားကြည့်ရင်တော့ အမျိုးသား ၄၃ ဒသမ ၆ ရာခိုင်နှုန်းနဲ့ အမျိုးသမီး ၄၈ ဒသမ ၀ ရာခိုင်နှုန်း ရှိနေတာကြောင့် ရာခိုင်နှုန်းကွာခြားချက် ၄ ဒသမ ၄ နဲ့ အမျိုးသမီးတွေက ပိုများပါတယ်။ အလယ်တန်းအဆင့် ပညာရေးပြီးမြောက်သူတွေကတော့ လူဦးရေရဲ့ ၂၃ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အမျိုးသားဦးရေက ပိုများပါတယ်။

အခြေခံပညာ အထက်တန်းအဆင့် ပြီးမြောက်သူကတော့ လူဦးရေရဲ့ ၁၄ ရာခိုင်နှုန်းရှိပါတယ်။ ဒီအဆင့်မှာလည်း အမျိုးသား ၁၅ ဒသမ ၆ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၂ ဒသမ ၆ ရာခိုင်နှုန်းနဲ့ အမျိုးသားတွေက ပိုများတာကို တွေ့နိုင်ပါတယ်။ နည်းပညာနဲ့ သက်မွေးပညာသင်တန်း (TVET) အောင်မြင်သူ ဒါမှမဟုတ် မဟာဘွဲ့၊ ပါရဂူဘွဲ့ရသူတွေကတော့ ၁၀၀၀ မှာ တစ်ယောက်၊ နှစ်ယောက်လောက်သာရှိပြီး အမျိုးသမီး အမျိုးသားကွာခြားမှု မရှိသလောက်ဖြစ်တယ်လို့ သိရပါတယ်။

တက္ကသိုလ်/ကောလိပ် အဆင့်တစ်ခုခုကို တက်ရောက်ပြီးသူက လူဦးရေရဲ့ ၁ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး အမျိုးသားက နှစ်ရာခိုင်နှုန်း၊ အမျိုးသမီးက ၁ ဒသမ ၃ ရာခိုင်နှုန်းဖြစ်လို့ အမျိုးသားတွေက ပိုများပါတယ်။ မဟာဘွဲ့အောက်အဆင့် ဘွဲ့ရရှိသူ လူဦးရေက ၁၁ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးက ၁၃ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသားက ၉ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဖော်ပြခဲ့တဲ့ ကိန်းဂဏန်းအချက်အလက်တွေအရ မူလတန်းအဆင့်မှာ အမျိုးသမီး ပါဝင်မှုမြင့်မားပြီး အလယ်တန်းအဆင့်မှာတော့ အမျိုးသားက ပိုများခဲ့တယ်။ ဘွဲ့ရအဆင့်မှာတော့ အမျိုးသမီးတွေ ပြန်များလာတာကို တွေ့ရပါတယ်။

**ကျောင်းထွက်ရတာဟာ မိသားစုအတွင်း ဖိအားတွေကြောင့်ဖြစ်**

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းပါ အချက်အလက်တွေအရ ကျောင်းသား ကျောင်းသူအများစုကျောင်းထွက်ရတာဟာ ပညာရေးစနစ်ကြောင့်မဟုတ်ဘဲ မိသားစုအတွင်း ဖိအားတွေကြောင့်ဖြစ်တယ်လို့ဆိုပါတယ်။ အဓိကအကြောင်းရင်းတစ်ခုဖြစ်တဲ့ မိသားစုကို ကူညီရန်/ အိမ်အလုပ်များ လုပ်ကိုင်ရန်/ မိဘဆွေမျိုးများကို ပြုစုစောင့်ရှောက်ရန် ကျောင်းထွက်ရခြင်းက ၂၇ ဒသမ ၁ ရာခိုင်နှုန်းရှိနေတာကြောင့် အိမ်မှုကိစ္စနဲ့ ပြုစုစောင့်ရှောက်မှုတာဝန်တွေက ကလေးတွေနဲ့ ဆယ်ကျော်သက်တွေကို ကျောင်းက ထွက်ဖို့ တွန်းအားပေးနေတာဖြစ်ပါတယ်။

ဒုတိယအကြောင်းရင်း တစ်ခုကတော့ ကျောင်းစရိတ် မတတ်နိုင်လို့ ၂၀ ဒသမ ၆ ရာခိုင်နှုန်းနဲ့ မိသားစုရဲ့ အလုပ်တွေဖြစ်တဲ့ စိုက်ပျိုးရေးမှာ ဝင်လုပ်ဖို့ ၁၂ ဒသမ ၁ ရာခိုင်နှုန်း၊ အခြားအလုပ်တွေမှာ ၁၃ ဒသမ ၁ ရာခိုင်နှုန်းတို့ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူတွေ ကျောင်းထွက်ကြရတဲ့ အဓိက အကြောင်းရင်းနှစ်ချက်ဟာ မိသားစုရဲ့ စီးပွားရေးအခြေအနေနဲ့ သွယ်ဝိုက်ပြီးဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ သက်ဆိုင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ မိသားစုတွေရဲ့ လူမှုစီးပွားဘဝ နိမ့်ကျတဲ့ အခြေအနေတွေက ကျောင်းနေအရွယ် ကလေးတွေနဲ့ ဆယ်ကျော်သက်တွေရဲ့ ပညာရေးကိုပါ ထိခိုက်လာစေတာပဲ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပညာရေးကို အလယ်တန်း/ အထက်တန်းအဆင့်လောက်သာ မျှော်မှန်းထားပြီး ဆုံးခန်းတိုင်တဲ့အထိ မသင်ဖို့ နဂိုကတည်းက ဆုံးဖြတ်ထားကြသူတွေ ဖြစ်ပါတယ်။ ကျောင်းဆက်မတက်သူ ၁၇ ဒသမ ၃ ရာခိုင်နှုန်းက “လိုချင်တဲ့ ပညာရေးအဆင့်ကို ပြီးမြောက်ပြီး” ကျောင်းထွက်တယ်လို့ သန်းခေါင်စာရင်းအချက်အလက်များ ကောက်ယူချိန်မှာ ဖြေဆိုထားခဲ့ပါတယ်။ ကလေးရဲ့ သင်ယူမှုအခက်အခဲ သို့မဟုတ် စိတ်မဝင်စားမှု ၄ ဒသမ ၄ ရာခိုင်နှုန်း၊ နာမကျန်း သို့မဟုတ် မသန်စွမ်းခြင်း ၂ ဒသမ ၃ ရာခိုင်နှုန်း စသည်ဖြင့် အကြောင်းရင်း အနည်းငယ်တို့ကိုလည်း တွေ့ရပြီး ကျောင်းသို့သွားရန် ဝေးလံခက်ခဲခြင်း၊ လုံခြုံရေးပြဿနာရှိခြင်း၊ သဘာဝဘေးအန္တရာယ်သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခကဲ့သို့ အတားအဆီးများရှိခြင်း စတဲ့အကြောင်းတွေကတော့ တစ်ရာခိုင်နှုန်းစီလောက်သာရှိတယ်လို့ သိရပါတယ်။ အရွယ်မရောက်မီ လက်ထပ်ခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်ခြင်းကြောင့် ကျောင်းထွက်ရသူက ၁ ဒသမ ၁ ရာခိုင်နှုန်းကျော်သာ ရှိတယ်လို့လည်း သိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ လူမှုရေး ဓလေ့ထုံးစံတွေထက် စီးပွားရေးလိုအပ်ချက်တွေကြောင့် ကျောင်းထွက်မှုကို ပိုမိုဖြစ်ပေါ်စေတယ်လို့ သန်းခေါင်စာရင်းအချက်အလက်တွေအရ သိရပါတယ်။

**ပညာရေးကဏ္ဍဟာ မဖြစ်မနေ မြှင့်တင်ပေးသွားဖို့လိုအပ်**

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းပါ အချက်အလက်တွေအရ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍဟာ မဖြစ်မနေ မြှင့်တင်ပေးသွားဖို့ လိုအပ်တယ်ဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့်လည်း အစိုးရသစ်ကို ဦးဆောင်သွားမယ့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြည်ထောင်စုလွှတ်တော် ကတိသစ္စာပြုပွဲအခမ်းအနားမှာ မိန့်ခွန်းပြောကြားတဲ့အခါ နိုင်ငံရဲ့ အနာဂတ်အတွက် အဓိကကျတဲ့ ပညာရေးကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍကို အခြေခံအဆင့်ကစလို့ မြှင့်တင်ပေးသွားမှာဖြစ်ကြောင်း၊ မိမိတို့ရဲ့ကလေးတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေမှာ နိုင်ငံတကာအဆင့်မီ ပညာရေးကိုရရှိဖို့နဲ့ ပြည်သူတိုင်း ကျန်းမာရေးစောင့်ရှောက်မှု အလွယ်တကူရရှိစေဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့တဲ့ အချိန်ကစပြီး ခေတ်အဆက်ဆက်ဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နယ်စပ်ဒေသအပါအဝင် တချို့ဒေသတွေမှာ ပညာသင်ကြားခွင့်တွေ ဆုံးရှုံးခဲ့ရပြီး ပညာရည်နိမ့်ပါးခဲ့ကြရကြောင်း၊ ယခုလည်း တချို့ဒေသတွေမှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် ကလေးတွေရဲ့ ပညာသင်ကြားခွင့်တွေ ဆုံးရှုံးနေရကြောင်း၊ ဒါကြောင့် ပညာရေးကဏ္ဍကို နေရာဒေသကွာခြားမှုမရှိ တစ်ပြေးညီမြှင့်တင်နိုင်ဖို့အတွက် အထူးအလေးပေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့တာ ဖြစ်ပါတယ်။

**စာမျက်နှာ ၁၅ သို့** ❑

❑ စာမျက်နှာ ၁၄ မှ

အစိုးရသစ်အနေနဲ့ ပညာရေးအားနည်းတဲ့ ပြည်နယ်တွေအတွက် အထူးစီမံချက်တွေ ချမှတ်ပြီး KG+9 အထိ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အကြောင်း၊ အခြေခံပညာ အလယ်တန်းတွေမှာ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံဘာသာရပ်များ သင်ကြားရေးနဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွေ တိုးချဲ့ဖွင့်လှစ်ပေးသွားမှာဖြစ်တဲ့အကြောင်း၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေး သိပ္ပံကျောင်းတွေကတစ်ဆင့် သင့်တော်တဲ့ သိပ္ပံကျောင်းတွေကို တက္ကသိုလ်/ကောလိပ် အဆင့်မြှင့်တင်ခြင်းနဲ့ တက္ကသိုလ်တွေ၊ Polytechnic သိပ္ပံတွေနဲ့ တက္ကသိုလ်တွေ တိုးချဲ့ဖွင့်လှစ်နိုင်ရေးလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

**သုတေသနစွမ်းရည်မြှင့်တင်တဲ့ ရှေ့ပြေးတက္ကသိုလ်တွေ တည်ဆောက်ပေးသွားမှာဖြစ်**

ပြီးခဲ့တဲ့ ဧပြီ ၂၀ ရက်က ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ပထမဆုံးအစည်းအဝေးမှာလည်း နိုင်ငံတော်သမ္မတက ငါးနှစ်တာကာလ လုပ်ဆောင်ရန် လိုအပ်သည်များကို ပြောကြားခဲ့တာနဲ့အတူ အစိုးရအဖွဲ့ရဲ့ ပထမဆုံး ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမယ့် လုပ်ငန်းတွေမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ သုတေသနစွမ်းရည်မြှင့်တင်တဲ့ ရှေ့ပြေးတက္ကသိုလ်တွေ တည်ဆောက်ပေးသွားမှာဖြစ်ပြီး အဓိကအားဖြင့် Nay Pyi Taw State Academy၊ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်တို့မှာ Research and Activation တွေကို ရှေ့ပြေးတက္ကသိုလ်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လာမယ့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကစပြီး အလယ်တန်းပညာအဆင့်မှာ စက်မှု၊စိုက်ပျိုးရေးနဲ့ မွေးမြူရေးပညာရပ်တွေကို ထည့်သွင်းသင်ကြားပေးသွားမှာဖြစ်ကြောင်း၊ ဗလငါးတန်ပြည့်ဝတဲ့ ကျောင်းတွေဖြစ်စေရေးအတွက် အခြေခံပညာကဏ္ဍမှာ Smart School နဲ့ Football for School program ကိုလည်း အားကစားရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့နဲ့ ပေါင်းစပ်ပြီး ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့မှာရှိတဲ့ ကျောင်းတွေမှာ Pilot Project အနေနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ မူကြိုကျောင်းတွေကို အဆင့်မြှင့်တင်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဲဒီအစည်းအဝေးမှာပဲ နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေကို ပညာရေးကဏ္ဍမှာ ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေရဲ့ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများ ပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမှာ ဖြစ်ကြောင်း၊ လာမယ့် ဘဏ္ဍာရေးနှစ်မှာလည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေရဲ့ ၁၀ ရာခိုင်နှုန်းထက်မနည်း အသုံးပြုသွားမှာဖြစ်ပြီး လာမယ့် တစ်နှစ်ကျော်မှာ နိုင်ငံတော်ဘဏ္ဍာငွေရဲ့ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမှာဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်တဲ့ ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့တာကို တွေ့ရပါတယ်။

**အစိုးရရဲ့ ဆောင်ရွက်မှုသက်သက်နဲ့ အောင်မြင်မှုမရရှိနိုင်**

အထက်မှာ ဖော်ပြခဲ့တဲ့ သတင်းအချက်အလက်တွေအရ ယခုအစိုးရအဖွဲ့သစ် တာဝန်ယူတဲ့ကာလမှာ ပထမဆုံး ရက် ၁၀၀ ကနေစပြီး Quick win အစီအစဉ်များနဲ့အတူ ပညာရေးကဏ္ဍ တိုးတက်မြင့်မားစေရေးကို ဦးတည်တဲ့ဆောင်ရွက်မှုများ အရှိန်အဟုန်တစ်ရပ်နဲ့ ဖြစ်ပေါ်လာမယ်လို့ ခန့်မှန်းရှုမြင်နိုင်ကြပါတယ်။ ဒီနေရာမှာ မိမိတို့အားလုံး နားလည်ထားကြရမှာက နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍ မြှင့်တင်ရေးဟာ အစိုးရရဲ့ ဆောင်ရွက်မှုသက်သက်နဲ့ အောင်မြင်မှုမရရှိနိုင်ဘူးဆိုတဲ့အချက်ဖြစ်ပါတယ်။ အစိုးရအနေနဲ့ ပညာရေးကဏ္ဍမြှင့်တင်ရေးအစီအစဉ်တွေ ဘယ်လိုပဲလုပ်လုပ် နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ပညာရေးအပေါ် အလေးထားမှုမရှိရင်၊ မိမိတို့ရဲ့ ရင်သွေးသားသမီးတွေကို ပညာရေးပြီးပြည့်စုံတဲ့အထိ သင်ကြားပေးဖို့ စိတ်ဆန္ဒမရှိကြရင် တစ်မျိုးသားလုံးရဲ့ ပညာအရည်အချင်းဟာလည်း ဆက်လက်နိမ့်ကျနေမှာဖြစ်ပါတယ်။ အရွယ်နည်းနည်းရောက်လာတဲ့ သားသမီးကို ကျောင်းထွက်ခိုင်းပြီး ရေခပ်၊ ထမင်းချက်၊ ကလေးထိန်းစတဲ့ အိမ်အလုပ်ခိုင်းစေတာ၊ စိုက်ရေး ပျိုးရေး၊ စီးပွားရေးမှာ ဝိုင်းကူခိုင်းတာတွေဟာ သားသမီးတွေရဲ့ အနာဂတ်ကို ဘူးသီးနုနုအမွေးသပ်သလို သတ်လိုက်ခြင်းလည်း ဖြစ်ပါတယ်။

ပညာမတတ်၊ ကျွမ်းကျင်မှုပညာလည်း ဘာတစ်ခုမှမရှိဘဲ အိမ်နီးချင်းနိုင်ငံနဲ့ တခြားနိုင်ငံတွေမှာ အန္တရာယ်များတဲ့အလုပ်၊ နိမ့်ကျတဲ့အလုပ်တွေသွားလုပ်ပြီး လတ်တလော ငွေရှာကြမယ့်အစား နိုင်ငံတော်ရဲ့ ပညာရေးစနစ်နဲ့အညီ အခြေခံပညာ အလယ်တန်း (KG+9) ပြီးမြောက်တဲ့အထိ စာသင်၊ ပြည်ပအလုပ်အကိုင်အတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာတွေသင်ယူပြီး ကျွမ်းကျင်လုပ်သားများအဖြစ် သွားရောက် လုပ်ကိုင်ကြခြင်းက ပိုပြီးသက်သောင့်သက်သာရှိကြမယ့်အပြင် လုပ်ခလစာလည်း ပိုမိုမြင့်မားစွာရရှိကြမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ ဝင်ငွေရလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများမှာ သားသမီးများကို ခိုင်းစေမယ်ဆိုရင်လည်း အခြေခံပညာ အလယ်တန်းပြီးဆုံးအောင်မြင်ပြီး စက်မှု၊ စိုက်/မွေးစတဲ့ သက်မွေးဝမ်းကျောင်းပညာတစ်ခုခုတတ်မြောက်တဲ့ သားသမီးတွေနဲ့အတူ လုပ်ကိုင်ကြခြင်းက ပိုမိုတိုးတက်ဖြစ်ထွန်းနိုင်ကြမှာဖြစ်ပါတယ်။

ဒီကနေ့ မိမိတို့ရဲ့ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာ ထူးချွန်ထက်မြက်တဲ့ လူ့စွမ်းအားအရင်းအမြစ်အားကောင်းမောင်းသန်ရှင်သန်ဖွံ့ဖြိုးနေဖို့ လိုပါတယ်။ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ နည်းပညာရှင်တွေ၊ ကျွမ်းကျင်သူတွေ အမြောက်အမြား လိုအပ်နေပေမယ့် လက်ရှိမိမိတို့နိုင်ငံမှာ လူဦးရေ ထက်ဝက်လောက်က မူလတန်းပညာရေးလောက်ပဲ တတ်မြောက်နေကြတာ၊ လူဦးရေ သုံးပုံတစ်ပုံနီးနီးက ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ကို ရောက်ရှိနေတာကြောင့် အမျိုးသားပညာရေးကို မြှင့်တင်ကြရမယ့်အရေးဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ တစ်မျိုးသားလုံးက အရေးတကြီး ဆောင်ရွက်ကြရမယ့် အမျိုးသားရေးဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးလို့ ပညာမတတ်၊ ပညာမတတ်လို့ ဆင်းရဲနွမ်းပါးတဲ့ မတတ်-မရှိသံသရာက လွတ်မြောက်အောင် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြရာမှာ အစိုးရက ဦးစီးဦးဆောင် အကောင်အထည်ဖော်ခြင်းနဲ့အတူ နိုင်ငံသူ နိုင်ငံသားအားလုံးကလည်း နိုးကြားတက်ကြွစွာ လိုက်ပါဆောင်ရွက်ကြဖို့ တိုက်တွန်းဆော်ဩလိုက်ရပါတယ်။ ။



## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ဆေးကုသခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၁

မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများပါဝင်သော အထူးကုဆေးအဖွဲ့များသည် မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အတူ ပြည်သူများအား ယမန်နေ့နံနက်ပိုင်းက ရွှေပေါက်ကံမြို့နယ် (၁၂)ရပ်ကွက်ခွဲ ဓမ္မလင်္ကာရဓမ္မာရုံတွင် ကွင်းဆင်းကာ ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မြောက်ဥက္ကလာပပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးရန်နိုင်မောင် ဦးဆောင်ကြီးကြပ်၍ အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများက ရွှေပေါက်ကံမြို့နယ် (၁၂)ရပ်ကွက်ခွဲ ဓမ္မလင်္ကာရဓမ္မာရုံ၌ ဆေးကုသမှုခံယူကြသော ပြည်သူ ၃၈၅ အား ရောဂါများအလိုက် ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ဆေးကုသမှုပေးခဲ့ရာတွင် အထွေထွေရောဂါပြသသူ ၂၃၈ ဦး၊ မျက်စိရောဂါပြသသူ ၁၀၅ ဦး၊ သွားနှင့်ခံတွင်းလူနာ ၃၉ ဦး၊ မျက်နှာ၊ မေးရိုး၊ ခံတွင်းလူနာ တစ်ဦး၊ ဆီးချို၊ သွေးချိုစစ်ဆေးသူ ၃၅၅ ဦး၊ ECG ရိုက်ကူးသူ ၁၂၀၊ သွေးအမျိုးအစားခွဲသူ ၁၃၀ တို့ကို ဆေးဝါးကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

## ဟသ်ာတမြို့နယ်တွင် (၂၀၂၆)ခုနှစ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကျင်းပ

ဟသ်ာတ မေ ၁

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်က ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက အသက်တစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ကာကွယ်ဆေးထိုးနှံမှုတို့ကို ကြည့်ရှုအားပေးပြီး မိခင်နှင့်ကလေးငယ်များအား အာဟာရဖြည့်ကြက်ဥ၊ အိုင်အိုဒင်းဆားများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်

ကြို့ပင်ကောက် မေ ၁

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောခြင်းနှင့် ဈေးချိုမြောက်ရပ်ကွက်အတွင်း အဘိတ်ဆေးခပ်ခြင်းတို့ကို ယမန်နေ့က ဆောင်ရွက်သည်။

**အရှိန်မြှင့်ဆောင်ရွက်**

မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းစိုး၏ လမ်းညွှန်မှုဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်လာစေရေး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပြီး ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်းများ၊ အဘိတ်ဆေးခပ်ခြင်းနှင့် အသိပညာပေးခြင်းတို့ကို မြို့နယ်ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာန ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့်ပူးပေါင်း၍ ဈေးချိုမြောက်ရပ်ကွက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်စဉ်။ ပြည်နယ်(မီးသတ်ဦးစီး)



## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မလစ်စံပြကျေးရွာသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ကွင်းဆင်းစစ်ဆေး

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဝင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မလစ်စံပြကျေးရွာရှိ ဆယ်အိမ်စုမှူးများအား ဘုရားဆင်းတုတော်များ လှူဒါန်းခြင်းနှင့် ကွင်းဆင်းဆောင်ရွက်ခြင်းကို ဧပြီ ၂၈ ရက်နံနက်ပိုင်းတွင် အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စံပြကျေးရွာလုပ်ငန်းစဉ်များကို ရှင်းလင်းခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းက စံပြကျေးရွာရှိ ဆယ်အိမ်စုမှူး အမျိုးသမီးများအား လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းမေးမြန်းခဲ့သည်။

**လှူဒါန်း**

ဆက်လက်၍ ဆယ်အိမ်စုမှူး အမျိုးသမီး ၁၂ ဦးအား ဥဇ္ဇာတော်ကိုးလက်မအမြင့်ရှိ ဘုရားဆင်းတုတော် ၁၂ ဆူလှူဒါန်းခြင်း၊ တက်ရောက်လာသူများအား ဘုရားဆင်းတုတော် ၁၃ ဆူ မဲဖောက်ပေးခြင်း၊ အသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွားများအား အလှူငွေ၊ ကွေကာအုပ်၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်များ လှူဒါန်းကြောင်း သိရသည်။

**အေးမဉ္ဇူ**



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်နှင့်UID ကတ် ဆောင်ရွက်ခြင်းကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာခန်းမ၌ ဆောင်ရွက်ပေးစဉ်။ နေမျိုးလွင်(ပြန်/ဆက်)

❑ ကျောဖုံးမှ

အဆိုပါ ဖမ်းဆီးရမိသူများ၏ ကနဦးထွက်ဆိုချက်အရ ၎င်းတို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိသဖြင့် တရုတ်နိုင်ငံသို့ ပြန်ရန်အတွက် တောလမ်းအတိုင်း ထွက်ပြေးလာစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်း လိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ကွန်ဟိန်းမြို့နယ် ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူး ကူးတို့ဆိပ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၄၃ ဦးအား ဖမ်းဆီးရမိသည့် နေရာပြပုံ**




## ပွင့်ဖြူမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

ပွင့်ဖြူ မေ ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ဒေသတွင်း မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာပေးဟောပြောခြင်းနှင့် ကျွဲ၊ နွားတိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို ဧပြီ ၃၀ ရက်တွင် စံပြကျေးရွာဓမ္မာရုံ၌ ဆောင်ရွက်ပေးသည်။



ဦးစွာ မင်းဘူးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာရဲနန္ဒက စံပြကျေးရွာရှိ တစ်ပိုင်တစ်နိုင် နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးအား တွေ့ဆုံ၍ ကျွဲ၊ နွားတိရစ္ဆာန်များ မွေးမြူရာတွင် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် မွေးမြူရေးနည်းလမ်းများအကြောင်းကို ဆွေးနွေးဟောပြောပြီး ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝေလွင်ဦးက တိရစ္ဆာန်များ ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျွဲ၊ နွားတိရစ္ဆာန်များကို ပေါင်ပုပ်၊ လက်ပုပ်ရောဂါနှင့် ထောင့်သန်းရောဂါကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## မုဒုံမြို့နယ်၌ ရပ်ကွက်/ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

မုဒုံ မေ ၁

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်/ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များကို ဧပြီ ၂၉ ရက်က ဝဲကလိကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးခြင်းတို့ကို ရပ်ကွက်/ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ရာမည(ပြန်/ဆက်)**

◆ သုံးနိုင်ငံမှ

တာဝန်ယူဆောင်ရွက်နေသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဧပြီ ၂၇ ရက်မှစ၍ စခန်းဝင်လေ့ကျင့်နေပြီး ပြည်ပကလပ်များတွင် ကစားနေသူများမှာမူ နောက်ကျမှ ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား- မျိုးမြမြငြိမ်း(သစ္စာအားမာန်)၊ အိစန္ဒာဇော်(ရောဝတီ)၊ ဇူးလတ်နဒီ(အား/ကာသိပ္ပံ)၊ သူဇာအောင်(သစ္စာအားမာန်)၊ သက်ထားအောင် (မြဝတီ)၊ လှလှထွေး(YREO)၊ နောက်တန်း-မေသက်မွန်မြင့် (သစ္စာအားမာန်)၊ ဖြူဖြူဝင်း(ရောဝတီ)၊ ခွန်ယုယဦး(ရောဝတီ)၊ ဖြူဖွေး (ရောဝတီ/စတောလီယွန်လာဂူနာ)၊ လင်းလဲ့ဦး (အား/ကာသိပ္ပံ)၊ သန်းသန်းနွယ် (အား/ကာသိပ္ပံ)၊ ခင်မျိုးသန္တာထွန်း(ရှမ်းယူနိုက်တက်)၊ ဆောင်းနှင်းဖွေး(ရှမ်းယူနိုက်တက်)၊ နန်းစနေမ(ရန်ကုန်ယူနိုက်တက်)၊ ယုယုနိုင်(ရန်ကုန်ယူနိုက်တက်)၊ ခင်မိုးဝင်း (ရောဝတီ)၊ ဝေဟင်ဖြိုး(အား/ကာသိပ္ပံ)၊ အလယ်တန်း- ခင်မိုမိုထွန်း(သစ္စာအားမာန်)၊ နော်ထက်ထက်ဝေ(ရောဝတီ)၊ ဟေမာန်စိုး (အား/ကာသိပ္ပံ)၊ ဝင်းဝင်း(သစ္စာအားမာန်)၊ ခင်မာလာထွန်း(အား/ကာသိပ္ပံ)၊ ဝင်းစန္ဒာ (YREO)၊ နန်းဖြူဖြူသွယ်(ရှမ်းယူနိုက်တက်)၊ လင်းမြင့်မိုရ် (အား/ကာသိပ္ပံ)၊ နန်းလွမ်းလိုင်း (အား/ကာသိပ္ပံ)၊ ရှေ့တန်း- စန်းသော်သော် (ရောဝတီ/စတောလီယွန်လာဂူနာ)၊ ရှုပါခိုင် (ရှမ်းယူနိုက်တက်)၊ မြတ်နိုးခင်(သစ္စာအားမာန်)၊ ရွှေရည်ထွန်း(အား/ကာသိပ္ပံ)၊ မေထက်လူ (UCLA-အမေရိကန်)၊ စုစုကြည် (ရန်ကုန်ယူနိုက်တက်)၊ ဇင်မိုးပြည့်(ရန်ကုန်ယူနိုက်တက်)နှင့် ဝင်းသိင်္ဂီထွန်းတို့ ပါဝင်ကြသည်။

**ပါဝင်ယှဉ်ပြိုင်မည်ဖြစ်**

သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၁ ရက်မှ ၇ ရက်အထိ ကျင်းပရန် စီစဉ်ထားပြီး မြန်မာ၊ ထိုင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MFF**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲအခမ်းအနား ကျင်းပ

မော်လမြိုင်ကျွန်း မေ ၁

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယမန်နေ့ညနေက အောင်ဇေယျလမ်းတစ်လျှောက်၌ ကျင်းပသည်။



အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့ပေါ်ရှိဘုန်းတော်ကြီးကျောင်း ၄၇ ကျောင်းနှင့် သီလရှင်ကျောင်း ၁၁ ကျောင်းမှ ရဟန်း၊ သာမဏေ၊ သီလရှင်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်နှင့် စေတနာရှင် ပြည်သူများက ကျောင်းတိုက် အသီးသီးမှ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။

ဆက်လက်၍ ပြည်လုံးချမ်းသာဆုတောင်းပြည့် မြတ်စွာဘုရားကြီး၏ ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်၌ စုပေါင်းညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်



ပြင်ဦးလွင် မေ ၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဆေးတလုံးကျေးရွာ၌ ပြင်ဦးလွင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်ဦးစီးမှူး ဦးဆောင်၍ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူ၍ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်ခြင်း၊ ဟောင်းနွမ်းပျက်စီးမှတ်ပုံတင်များအား အသစ်လဲလှယ်ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ် အခမ်းအနားကျင်းပ

လပွတ္တာ မေ ၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ် အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်က ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများကို ပြည်သူလူထု ပိုမိုသိရှိရန် ဆောင်ရွက်ရေး ဆွေးနွေးပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သီတာအောင်က ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ကာကွယ်နိုင်သော ရောဂါများအကြောင်း ပြောကြားကာ ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ နှစ်(၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနက မေ ၁ ရက် နံနက်ပိုင်းတွင် ကန်ကြီးထောင့်မြို့နယ်ရှိ လောကမှန်ကူသိဒ္ဓိရှင်ဆုတောင်းပြည့် စေတီတော်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မင်းထက်သာ



နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းဦးဆောင်မှုဖြင့် မေ ၁ ရက် နံနက်ပိုင်းက ပုသိမ်မြို့ ရေကြည်ဦးစေတီတော်မြတ်ကြီး၌ စုပေါင်းလုပ်အားဒါနပေးပွဲ ဆောင်ရွက်စဉ်။

မိုးဟိန်းထက်



# တံတားမြို့၌ မူခင်းကျဆင်းရေး အသိပညာဟောပြောပွဲ ကျင်းပ

တံတား မေ ၁

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့တွင် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီတွင် တံတားမြို့ ဝိဇ္ဇာဓမ္မသာသနာ့ဗိမာန်၌ ကျင်းပသည်။

ဟောပြောပွဲတွင် တံတားမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဇော်က ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် မူခင်းဖြစ်ပွားမှုလျော့နည်းစေရေး၊ ပြည်သူများအွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေး၊ မိုဘိုင်းဖုန်းများမှတစ်ဆင့် ဖြစ်ပွားလျက်ရှိသည့် လိမ်လည်မှုဖြစ်စဉ်များကို ပြည်သူများသိရှိစေရန်အတွက် ဗီဒီယိုကလစ်များပြသ၍ အသိပညာပေးဟောပြောခြင်းနှင့် တံတားနယ်မြေရဲစခန်းမှ နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်စိုးအောင်က ပြည်သူများသိသင့်သိထိုက်သည့် ဥပဒေများနှင့် အွန်လိုင်းလိမ်လည်မှုများကျူးလွန်ပါက ချမှတ်ခံရမည့် ပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **တံတား(ပြန်/ဆက်)**



# ကျိုက်လတ်မြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေး ဆေးထိုးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျိုက်လတ် မေ ၁

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အခြံချောင်းကျေးရွာတွင် ဧပြီ ၃၀ ရက် နံနက်ပိုင်းက ရက်(၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေး ဆေးထိုးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဖျာပုံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဆောင်းနှင်းဖြူဖြူက မွေးမြူရေးသုံး ခြံဖျန်းဆေးများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်ပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမျိုးမြင့်က ရက်(၁၀၀)ကာကွယ်ဆေးထိုးမည့် စီမံချက်ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တိရစ္ဆာန်ကျန်းမာရေး မြေပြင်ကွင်းဆင်းအဖွဲ့သည် မွေးမြူထားရှိမှုစာရင်းကောက်ယူခြင်း၊ ကျွဲ၊ နွား၊ ဝက်၊ ကြက်များအား လိုအပ်သည့် ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ နာမကျန်းတိရစ္ဆာန်များအား ဆေးကုသပေးခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ မွေးမြူရေးခြံများကို ပိုးသတ်ဆေးများဖျန်းခြင်း၊ ရက်(၁၀၀)စီမံချက်တွင် မေထုန်မဲ့မျိုးမြှင့်သားစပ်ခြင်း၊ မွေးမြူရေးတောင်သူများအား အသိပညာပေးသင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကွင်းဆင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စာရင်းပြုစုခြင်းလုပ်ငန်းများကို ရပ်ကွက်/ကျေးရွာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်မင်းအောင် (ပြန်/ဆက်)**

# မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး မော်လမြိုင်လေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး



**မော်လမြိုင် မေ ၁**

မွန်ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိရာ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက လေဆိပ်လုပ်ငန်းဆောင်ရွက်နေမှုများ၊ လုံခြုံရေးစီမံ ဆောင်ရွက်ထားရှိမှုနှင့် လေဆိပ် မီးသတ်ဌာနလုပ်ငန်းဆောင်ရွက်နေမှု၊ လေဆိပ်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြည်တွင်း၊ ပြည်ပခရီးသွားများ ဘေးအန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် လေဆိပ်တာဝန်ခံနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ လေဆိပ်အဆောက်အအုံအတွင်း ရောက်ရှိ/ထွက်ခွာခရီးသည်များ အတွက် လုံခြုံရေးအရ စစ်ဆေးသည့်နေရာများ၊ လေယာဉ်စောင့်ဆိုင်းသည့်နေရာများ စနစ်တကျရှိစေရန်၊ တပ်ဆင်ထားသည့် လေကြောင်းဆိုင်ရာ အထောက်အကူပြုစက်ကိရိယာများ အစဉ်ကောင်းမွန်နေရန် မှာကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# Heatwave and Monsoon Season Preparedness (Pre Disaster Meeting)ပြုလုပ်



**ရန်ကုန် မေ ၁**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော Heatwave and Monsoon Season Preparedness (Pre Disaster Meeting)ကို ဧပြီလကုန်တွင် အသင်း၏ ရန်ကုန်ရုံးခွဲတွင် Hybrid ပုံစံဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် အလုပ်အမှုဆောင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ကြက်ခြေနီကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ အသင်းဌာနချုပ် ဒုတိယ အထွေထွေအတွင်းရေးမှူးများ၊ လက်ထောက်အထွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်း၊ ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်း၊ ဖင်လန်နိုင်ငံ ကြက်ခြေနီအသင်း၊ နော်ဝေနိုင်ငံ ကြက်ခြေနီအသင်းနှင့် ကိုရီးယားနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖြစ်လေ့ဖြစ်ထရှိသည့် အဓိက ဘေးအန္တရာယ်များနှင့် လာမည့်ရာသီတွင် ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုဌာန၊ ကျန်းမာရေးဌာနတို့မှ အသင့်ပြင်ဆင်ထားရှိမှု အခြေအနေများကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၂၅-၂၀၂၆ ခုနှစ် ဘေးအန္တရာယ်တုံ့ပြန်ရေး အတွေ့အကြုံများ၊ အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် သင်ခန်းစာများကို ပြန်လည်သုံးသပ်ရန်နှင့် နောက်လာမည့်ရာသီအတွက် စိန်ခေါ်မှုများကို လျှော့ချနိုင်ရန်ရည်ရွယ်၍ ယခုအစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်သည်။

**သတင်းစဉ်**

# လူရည်ချွန်မောင်မယ်များအား မန္တလေးမြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးပို့ဆောင်

**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အထောက်အပံ့ဖြင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဦးဆောင်ကာ လူရည်ချွန်မောင်မယ်များအား မန္တလေးမြို့ပေါ်ရှိ အထင်ကရနေရာများ ဖြစ်သော မဟာမုနိဘုရားကြီးနှင့် မန္တလေးမြနန်းစံကျော် ရွှေနန်းတော်သို့ ဧပြီ ၃၀ ရက် နံနက်ပိုင်းက လေ့လာရေးခရီးပို့ဆောင်ပေးခဲ့သည်။

မန္တလေး တိုင်းဒေသကြီးအတွင်းမှ လူရည်ချွန်မောင်မယ် ၅၀၊ ကချင်ပြည်နယ်မှ လူရည်ချွန်မောင်မယ် ၁၉ ဦး၊ ချင်းပြည်နယ်မှ လူရည်ချွန်မောင်မယ် ခြောက်ဦး၊ စုစုပေါင်း လူရည်ချွန်မောင်မယ် ၇၅ ဦးတို့အား ကြီးကြပ်ဆရာ၊ ဆရာမ ၁၈ ဦးလိုက်ပါကာ မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုကြပြီး လူရည်ချွန်မောင်မယ်များက မဟာမုနိဘုရားကြီးအား အလှူငွေများလှူဒါန်းသည်။ ထို့နောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို လူရည်ချွန်မောင်မယ်များ ပါဝင်ဆင်နွှဲကာ ကုသိုလ်ယူခဲ့ကြသည်။

ဆက်လက်ပြီး မန္တလေးမြနန်းစံကျော် ရွှေနန်းတော်သို့ ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များအား သမိုင်းကြောင်းများကို ရှင်းလင်းပြောကြားပြီး ယဉ်ကျေးမှုပြတိုက်အတွင်းရှိ နန်းတွင်းအသုံးအဆောင်များ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများအား လူရည်ချွန်မောင်မယ်များက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။




**ချမ်းမြေ့မောင်(ချမ်း/စံ)**



# ချမ်းမြသာစည်မြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကျင်းပ

**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်သည် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဧပြီ ၂၇ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဌာနအလိုက် ရက် (၁၀၀)အတွင်း လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအား တင်ပြသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဦးက လွှတ်တော်မဲရွေးချယ်မှုနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး လူမှုရေးရာဝန်ကြီးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အပြန်အလှန်ညှိနှိုင်းတိုင်ပင်ပြီး အောင်မြင်စွာဆောင်ရွက်နိုင်ရေး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ဆက်)**



# ရွှေပြည်သာမြို့နယ်၌ မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့က မူခင်းအသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းက အမှတ်(၂၇)ရပ်ကွက် လှော်ကားရတနာခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ရွှေပြည်သာမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်သူ၊ လှော်ကားနယ်မြေစခန်းမှူး ရဲအုပ်ဘိုဘိုထွဋ်၊ အမှတ်(၂၇)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသန်းတို့က ပြည်သူများအား မူခင်းအသိပညာပေးဟောပြောခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှထုတ်ဝေသော မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးလက်ကမ်းစာစောင်များနှင့် အွန်လိုင်းလိမ်လည်မှုများ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**

# မကွေးမြို့၌ စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်း အခြေခံသင်တန်းနှင့် စက်သုံးဆီသယ်ယာဉ် ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

**မကွေး မေ ၁**

မကွေးမြို့နယ် အတွင်းရှိ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်၊ သိုလှောင်ကန် စခန်းများတွင် တာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်းများအား စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်း အခြေခံသင်တန်းနှင့် စက်သုံးဆီသယ်ယာဉ်ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းကို ဧပြီ ၂၉ ရက်က မကွေးမြို့ရှိ ထိန်ထိန်သာဟိုတယ်၌ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သည်။



သင်တန်းတွင် မကွေးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေး အရာရှိ ဦးမျိုးမင်းသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်း အခြေခံသင်တန်းမှ သင်တန်းသား ၅၃ ဦးနှင့် စက်သုံးဆီသယ်ယာဉ် ကိုင်တွယ်ထိန်းသိမ်းနည်း သင်တန်းမှ သင်တန်းသား ၁၆ ဦး စုစုပေါင်း သင်တန်းသား ၆၉ ဦးအား မကွေးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေး အရာရှိရုံး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်မီးသတ်ဦးစီးဌာနမှ သင်တန်းနည်းပြများက သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**



# သာပေါင်းမြို့နယ်၌ ဆန်၊ ဆီ၊ ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**သာပေါင်း မေ ၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီက ဧပြီ ၂၈ ရက်တွင် သီရိရွှေသာဈေးရှေ့၌ ပြည်သူများအား သက်သာသော ဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ ကြက်ဥများ ရောင်းချပေးသည်။

**ရောင်းချ**

သာပေါင်းမြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီဥက္ကဋ္ဌဦးမင်းဇောထိုက်၊ အတွင်းရေးမှူး မြို့နယ်စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူး ဦးထွန်းမင်းလတ်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာကျော်စိုးလင်းနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံကိန်းလုပ်ငန်းတွင် ပြည်သူများ၏ လူနေမှုဘဝအခြေခံကျသည့် စားသောက်ရေးတွင် အရေးကြီးသော ဆန်၊ ဆီ၊ ကြက်ဥတို့ကို သက်သာချောင်ချိရေးတစ်ရပ်အနေဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ငပုတောမြို့နယ်၌ အခြေခံမွေးမြူရေး အသိပညာပေးဟောပြော



**ငပုတော မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာ၌ အစိုးရသစ် ရက် (၁၀၀)စီမံချက် အခြေခံမွေးမြူရေးသင်တန်း ဟောပြောပွဲကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းကျော်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးမှူး ဒေါက်တာသိန်းဆွေဦးနှင့် ငပုတောမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မွေးမြူရေးဆောင်ရွက်သူများ တက်ရောက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုသိမ်ခရိုင်ဦးစီးမှူး ဒေါက်တာသိန်းဆွေဦးက သက္ကယ်ချောင်းကျေးရွာရှိ မွေးမြူရေးဆောင်ရွက်သူဒေသခံပြည်သူ ၂၀ နှင့် တွေ့ဆုံပြီး ကျေးရွာရှိတောင်သူများအား သဘာဝမြေဩဇာ ပြုလုပ်နည်း၊ VA သင်တန်းသားရရှိစေရေးစည်းရုံးဟောပြောခြင်း၊ စားသုံးသူနှင့် မွေးမြူရေးမျှတစေရန်အတွက် တစ်ပိုင်တစ်နိုင် ဒေသကြက်မွေးမြူရန် စည်းရုံးဟောပြောပြီး ဝက်မွေးမြူရေးဆောင်ရွက်ထားရှိသော ဝက်ခြံ ၁၆ ခြံကို ခြံဆေးဖျန်းခြင်း လုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**

# ကော့ကရိတ်မြို့နယ်၌ သမဝါယမကဏ္ဍက ကုန်ထုတ်လုပ်ငန်းများ အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆွေးနွေး

**ကော့ကရိတ် မေ ၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း သမဝါယမကဏ္ဍက ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကရင်ပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်အေးပွင့်ဦးဆောင်သည့် ကွင်းဆင်းအဖွဲ့သည် ကော့ကရိတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နီနီအောင်၊ ခေတ္တခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ တစ်နိုင်တစ်ပိုင်ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေသူ အသင်းသားများအား ဧပြီ ၂၉ ရက်က ကော့ကရိတ်မြို့ အမှတ်(၂) အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံသည်။



အဆိုပါတွေ့ဆုံပွဲတွင် ပြည်နယ်ဦးစီးမှူးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် မိမိတို့သမဝါယမဦးစီးဌာနအနေဖြင့် အစိုးရအဖွဲ့၏ ရက် (၁၀၀) စီမံချက်ကာလအတွင်း ကဏ္ဍအလိုက်ဆောင်ရွက်မည့် စီမံချက်များ၊ အသင်းသားများ၏ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် မတည်ရန်ပုံငွေကို ပြည်နယ်နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေမှ ရယူဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေသည့် အသင်းသားများ၏ လုပ်ငန်းခွင်ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကျောက်ပျော်မြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်

**ကျောက်ပျော် မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျောက်ပျော်မြို့နယ် အင်းမကျေးရွာ တောင်သူ ဦးအေးသိန်း၏ လယ်မြေနှစ်ဧကတွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ခြင်းကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ထိုက်က သစ်စိမ်းမြေဩဇာ ထည့်သွင်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောက်ပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သင့်သည်များကို ပြောကြားသည်။

ထို့နောက် ကျောက်ပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက တောင်သူများလက်ဝယ်သို့ ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ပြီး တောင်သူ ဦးအေးသိန်း၏ လယ်မြေအတွင်းသို့ ( ပိုက်ဆံလျှော်)မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**



မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးညီဇော်ဌေး၏ ကြီးကြပ်မှုဖြင့် လဝကမှူး ဦးသန့်ဇင်ဦးဆောင်၍ ဝန်ထမ်းငါးဦးပါဝင်သောအဖွဲ့က အစိုးရသစ် ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဧပြီ ၂၇ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂) ရပ်ကွက် ဓမ္မာရုံ၌ ဆောင်ရွက်ပေးစဉ်။ နေမျိုးအောင်



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အခမ်းအနားမှူးသင်တန်းကို ဧပြီ ၂၈ ရက်က လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ ဖွင့်လှစ်စဉ်။

မြို့နယ်(ပြန်/ဆက်)



## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး တောင်တော်အပ်နှံပွဲအခမ်းအနား ကျင်းပ

ကျိုက်ထို မေ ၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတောင်တော်အပ်နှံပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော် မှန်လုံဆောင်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနား တက်ရောက်လာသူများက ကျိုက်ထီးရိုးစေတီတော်ဩဝါဒါစရိယ သာယာကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသာမိထံမှ (၉)ပါးသီလခံယူဆောက် တည်၍ ဩဝါဒါစရိယ ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသည်။

ထို့နောက် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံ နဝကမ္မလှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ ကျိုက်ထီးရိုးစေတီတော်ဩဝါဒါစရိယ မဟာမယ်ဇယ် စာသင်တိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယက အနုမောဒနာတရားချီးမြှင့်တော်မူခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## အောင်လံမြို့၌ (၁၃၂) ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

အောင်လံ မေ ၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် (၁၃၂) ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကဆုန်လပြည့် (ဗုဒ္ဓနေ့) မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ လောင်းလှူပွဲတွင် အောင်လံမြို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၄၇ ကျောင်းမှ ရဟန်းသံဃာတော် ၁၃၁၅ ပါး၊ ဖိုးသူတော် ၁၁ ပါးနှင့် သီလရှင်စာသင်တိုက် ၂၅ တိုက်မှ သီလရှင် ၂၆၅ ပါး စုစုပေါင်း သံဃာနှင့် သီလရှင် ၁၅၉၁ ပါးတို့အား ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့ခံပြည်သူများ၊ စေတနာရှင်အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။



အာကာ(အောင်လံ)

## ရမည်းသင်းမြို့နယ်၌ ပဥ္စမအကြိမ် သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရမည်းသင်း မေ ၁

ရမည်းသင်းမြို့ မြို့မရပ်ကွက်ရှိ ရန်အောင်မြင် သာသနာ့ဗိမာန်တော်ကြီးတွင် ယမန်နေ့နံနက်ပိုင်းက ကဆုန်လပြည့် (ဗုဒ္ဓနေ့) အထိမ်းအမှတ် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ဦးဆောင်၍ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ အလှူရှင်များ စုပေါင်း၍ ပဥ္စမအကြိမ် သံဃာ့ဒါန ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပသည်။



ရမည်းမြို့နယ် သံဃနာယက အဖွဲ့ဝင် ဓမ္မကြယ်နီဆရာတော် ဘဒ္ဒန္တဝိဇယနှင့် မြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်/ဘုန်းတော်ကြီးကျောင်းတိုက် အသီးသီးမှ ပင့်သံဃာ ၁၀၈ ပါးအား ပင့်ဖိတ်၍ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ထံမှ အခမ်းအနား တက်ရောက် လာကြသူများက ရှစ်ပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်အောင်မြင် ဘုရားရှေ့မှစ၍ ရန်အောင်မြင် ဘုရားလမ်းမအတိုင်း ဆွမ်းဆန်စိမ်းများ လောင်းလှူပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အလှူရှင်များက သံဃာတော် အပါး ၈၀၀ အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

ကိုဇော်(ရမည်းသင်း)



## မိတ္ထီလာမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

မိတ္ထီလာ မေ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ သမိုင်းဝင်မဟာဓမ္မရာဇိက ရွှေမြင်တင်စေတီတော်ရင်ပြင်တော်တွင် ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့က ကြီးမှူးကျင်းပသော ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဧပြီ ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့မှ တာဝန်ရှိသူများက ပင့်သံဃာ ၁၀၈ ပါးတို့အား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သံဃာတော်များအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကျော်တင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စန်း(ခ)ဦးမြသွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေးနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

## အုတ်တွင်းမြို့နယ်၌ ကုသိုလ်ပြုလုပ်ငန်းများ ဆောင်ရွက်

အုတ်တွင်း မေ ၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဲကုန်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် မြတ်မိုးဃ်ကောင်းဘုရားစေတီ၊ ပုထိုးများအား မြို့နယ်မီးသတ်ဦးစီးဌာနမှဦးစီးအရာရှိ ဦးအောင်ကျော်မြင့် ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ယမန်နေ့ နံနက်ပိုင်းတွင် ကုသိုလ်ပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ကုသိုလ်ပြုဆောင်ရွက်ရာတွင် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဘုရားစေတီ၊ ပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ဘုရားပရိဝုဏ်အတွင်း အမှိုက်များ ရှင်းလင်းခြင်း၊ ဘုရားပန်းများ ကပ်လှူပူဇော်ခြင်းနှင့် ဘုရားရင်ပြင်တော် သန့်ရှင်းရေးလုပ်ငန်းများကို ဝိုင်းဝန်းစုပေါင်းကုသိုလ်ပြုခြင်းများ ဆောင်ရွက်ခဲ့ပြီး ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)





## အင်္ဂပူမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

အင်္ဂပူ မေ ၁

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ အဘယသုခကျောင်းဦးစေတီတွင် ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ၁၅ ဦး၊ မြို့နယ်စည်း/ထိန်းကော်မတီဥက္ကဋ္ဌ ဒေါ်နဒီဖူးဝေဦးနှင့် ကော်မတီဝင်ငါးဦးတို့က ရင်ပြင်တော်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဘုရားပန်းလဲခြင်း၊ ရေသပ္ပာယ်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား အာဟာရဒါနပြုခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)



## နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

မူဆယ် မေ ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မူဆယ်ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

**လှူဒါန်း**

ခုတင်(၁၀၀)ဆံ့ မူဆယ်ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် မူဆယ်ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးနေဝင်းတိုး ဦးဆောင်၍ ခရိုင်နှင့်မြို့နယ် သန္နေမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၂၀ နှင့် မြို့ပေါ်(၉)ရပ်ကွက်က အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့က စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ဆေးရုံဝင်းအတွင်းနှင့် အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ခရိုင်ဦးစီးမှူး ဦးနေဝင်းတိုးနှင့် မြို့နယ်ဦးစီးမှူးတို့က ကြည့်ရှုအားပေးပြီး အာဟာရဖြည့် ကြက်ဥ၊ အချိုရည်နှင့် ရေသန့်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# အောင်လံမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ သောက်သုံးရေ လှူဒါန်း

အောင်လံ မေ ၁

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် မြဝတီကျောင်းတိုက်၊ ဝေပုလ္လရာမကျောင်း၊ ဣန္ဒိတံကျောင်း၊ ကန်နီတောရကျောင်းတို့သို့ သောက်သုံးရေများ လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း ဦးဆောင်၍သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေဂါလန် ၈၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကောင်းစစ်နိုင်

# ချစ်စရာ့အရွယ်ကစားကြမယ် ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁

"ချစ်စရာ့အရွယ် ကစားကြမယ်"ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အပတ်စဉ်စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ မေ ၂ ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁)လှိုင်သာယာ မူလတန်းကြိုကျောင်းနှင့် အမှတ်(၃) လှိုင်သာယာ မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစား ကြပုံများကို ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် မေ ၃ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ရာ MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်ပြီး MRTV – HD Channel တွင် မေ ၄ ရက်(တနင်္လာနေ့)ညနေ ၄ နာရီသတင်းအပြီးတွင် ထပ်မံပြသမည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေး

ရန်ကုန် မေ ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက် ဓမ္မာရုံတွင် အသက် (၁၀)နှစ်မှ (၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ပြီး (UID)မကောက်ယူရသေးသည့် ပြည်သူများအား အစိုးရသစ်ကာလ ရက် (၁၀၀)စီမံချက်ဖြင့် မြေပြင်ကွင်းဆင်းစိစစ်ခြင်းကို ယမန်နေ့နံနက်ပိုင်းမှစ၍ ကွင်းဆင်းဆောင်ရွက်ပေးရာ ရပ်ကွက်နေပြည်သူ ၁၅၅ ဦးအား နိုင်ငံသားကတ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာသို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းကြည့်ရှုအားပေးရာ မြို့နယ်ဦးစီးမှူး ဦးညီဇော်ဌေးက လုပ်ငန်းများဆောင်ရွက်ပုံ အဆင့်ဆင့်အား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် လက်သမားရပ်ကွက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်မီးသတ်ဦးစီးမှူး၏ စီစဉ်မှုဖြင့် မီးသတ်ဦးစီးအရာရှိ ဦးရဲနောင်ဝင်းဦးဆောင်ကာ မေ ၁ ရက် နံနက်ပိုင်းက သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ဦးပါရဲစေတီဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်အားဒါန ကောင်းမှုကုသိုလ်များ စုပေါင်းဆောင်ရွက်စဉ်။ အောင်သင်း



# သုံးခွမြို့နယ် မေတ္တာမွန်လမ်းဘေး၌ ရေမြောင်းတူးဖော်ရှင်းလင်း

သုံးခွ မေ ၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံကိန်းလုပ်ငန်းဖြင့် အမှတ်(၃) ရပ်ကွက် မေတ္တာမွန်လမ်းဘေး၌ ရေမြောင်းတူးဖော်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးမိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေမြောင်းတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘက်ဟိုးဖြင့် အရှည်ပေ ၆၇၀ ကို တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူလင်း(ပြန်/ဆက်)**

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၁

ယနေ့ည ၉ နာရီ ၂၁ မိနစ် ၄၃ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်ဘက် ၄၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မအူပင်မြို့၏ အနောက်မြောက်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၈၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၅၁ ဒီဂရီ၊ အနက် ငါးကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၂(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## ❂ အာရှဖလားမှ

မြန်မာအသင်းသည် ဆောင်းပွင့်ဖြူ(ဂိုး)၊ သဲအိလှိုင်၊ ချစ်ပွင့်အောင်၊ ပင်မြင့်ယံ၊ မင်ထုန်မေဇီတာ၊ ရှင်းသန့်ဖြူစင်ပြုံး၊ ခင်မြတ်ဘုန်းထွဋ်၊ သော်တာနှင်း၊ အယ်အယ်ဆိုင်းလွှာနန်း၊ နန်းခိုင်ဇင်မြင့်၊ သက်သက်ဝေတို့ဖြင့် ပွဲထွက်လာပြီး ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုး ခွင့်ပြုခဲ့ရသည်။ မြန်မာအသင်းသည် တရုတ်အသင်းကို အရေးနိမ့်သော်လည်း ထိုင်း၊ ဗီယက်နမ်တို့နှင့် လက်ကျန်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ပါက နောက်တစ်ဆင့်တက်ရောက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၄ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း – ကိုညီလေး

ဓာတ်ပုံ – MFF

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ–၉)၊ ဦးပိုင်အမှတ်(၅၆)၊ ၆၄x၆၅ လမ်းကြား၊ ၁၁၅x ၁၁၆ လမ်းကြားရှိ ဦးဝင်းနိုင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးဝင်းနိုင်၊ မိခင် ဒေါ်ခိုင်စပယ်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးမင်းဆက်နိုင်[၅/မလန(နိုင်)၀၅၁၆၅၇]၊ ဒေါ်ပန်ဆုပြည့်ပြည့်နိုင်[၅/မလန(နိုင်)၀၅၆၂၈၈]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ ခွာညိုလမ်းနှင့် နှင်းပန်းလမ်းထောင့်၊ မြေကွက်အမှတ်(၁၁၅၁)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးချစ်လှိုင်အမည်ပေါက်ဂရန်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀x ၆၀)ပေ ဂရန်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးပါဝင်သော နေအိမ်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်မြင့်မြင့်မော်[၁၂/ဥကမ(နိုင်)၀၁၃၅၇၆]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉–၇၇၆၅၅၁၁၆၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည–၃၅)၊ ဦးပိုင်အမှတ်(၃၇)၊ ၅၅x၅၆ လမ်းကြား၊ မင်းကြီးရန်နောင်နှင့် မင်းရဲကျော်စွာလမ်းကြားရှိ ဒေါ်ရင်မေအမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးအုန်းဖေ၊ မိခင် ဒေါ်ရင်မေ၊ သား ဦးရှစ်ကောင်(လူပျိုဘ၀)တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးသန်းဦး[၉/မရမ(နိုင်)၀၂၂၆၃၆]၊ ဒေါ်ဌေးဌေးနွဲ့[၉/မရမ(နိုင်)၀၁၄၃၆၇]၊ ဒေါ်ဌေးရီ[၉/မရမ(နိုင်)၀၂၂၂၀၇]တို့က (၂၀၀၈)ခုနှစ်က အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခဲ့သော်လည်း စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲ ပျောက်ဆုံးသွားပါသဖြင့် ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ထပ်မံရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ ငုဝါလမ်း၊ မြေကွက်အမှတ်–၇၂၉(ခ)၊ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ ၊ မီးပါဝင်သော အဆောက်အအုံအား လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးဘိုမြင့်[၈/တတက(နိုင်)၀၈၁၄၄၅]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးစန်း [၈/ဂဂန(နိုင်)၁၀၅၅၉၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးစန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉–၇၇၆၅၅၁၁၆၉**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင် ဆန့်ကျင်**
**မူးယစ်ဆေး**

## တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက်
## ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ် ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက် စာတမ်းများ **မူရင်းနှင့်မိတ္တူ(၃)စောင်စီ**ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံ ရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ် သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း (၄၃၂၀၀/- ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀/- ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့် သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့် သိပ္ပံများသို့ တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၈၆)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် မေ လ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဃ - ၆၄၅၅၀၉

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆု

ဆ - ၇၅၇၇၆၇

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ဈ - ၇၅၃၄၆၈

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ခ - ၅၈၆၄၇၁

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| စ - ၁၁၆၃၈၁ | ဆ - ၅၃၅၇၄၆ |
| ဋ - ၁၁၉၇၂၃ | ဋ - ၆၁၉၈၂၇ |
| ဃ - ၁၂၀၄၄၅ | ခ - ၆၄၃၆၀၈ |
| င - ၁၆၄၅၂၅ | ဆ - ၆၅၁၅၀၂ |
| ဃ - ၂၆၆၅၈၈ | |

ကံထူးရှင်(၉)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | | |
|---|---|---|
| င - ၂၂၃၉၁၂ | ဂ - ၄၀၅၄၉၇ | က - ၇၄၆၁၁၇ |
| ဂ - ၂၂၅၇၁၀ | ဌ - ၅၁၆၃၄၇ | ဇ - ၇၈၇၂၇၇ |
| ဇ - ၃၅၄၇၈၆ | က - ၇၄၁၃၄၅ | ခ - ၈၅၄၀၈၆ |

ကံထူးရှင်(၉)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| င - ၁၀၂၆၉၇ | ခ - ၆၁၂၆၇၆ | ဌ - ၈၀၇၉၆၅ |
| ခ - ၁၂၇၈၀၅ | ခ - ၆၄၁၅၀၀ | င - ၈၂၄၆၃၁ |
| ဂ - ၃၇၄၅၃၂ | ဆ - ၆၆၀၈၉၄ | က - ၈၇၄၀၆၈ |
| ဌ - ၄၆၀၃၄၅ | | |

ကံထူးရှင်(၁၀)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| စ - ၁၃၁၄၁၃ | ဌ - ၄၃၆၁၅၈ |
| ဌ - ၁၄၃၀၆၈ | က - ၅၆၀၁၈၄ |
| င - ၁၇၀၇၉၄ | ဌ - ၅၇၈၉၅၄ |
| ည - ၂၃၀၇၁၉ | က - ၆၄၅၃၇၇ |
| ဈ - ၃၀၂၃၇၁ | ဃ - ၈၄၄၈၅၂ |
| စ - ၃၇၀၆၁၅ | ဂ - ၈၇၆၃၄၂ |

ကံထူးရှင်(၁၂)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | |
|---|---|---|
| စ - ၁၀၀၅၀၂ | ဈ - ၄၉၂၄၃၆ | င - ၇၈၀၂၀၂ |
| ဈ - ၁၀၂၁၁၀ | ဆ - ၅၁၇၈၆၉ | ဃ - ၈၄၃၀၈၅ |
| က - ၁၃၂၇၁၂ | က - ၅၅၂၄၆၆ | ဌ - ၉၂၀၁၁၁ |
| ဈ - ၁၅၈၅၀၈ | င - ၅၆၂၇၃၃ | ဃ - ၉၄၈၈၆၆ |
| စ - ၁၇၅၇၁၅ | စ - ၆၃၉၄၇၀ | ည - ၉၇၃၂၇၂ |
| စ - ၂၆၃၁၉၈ | ခ - ၇၄၂၆၉၆ | က - ၉၇၅၈၄၇ |
| ဇ - ၃၆၉၅၁၃ | ဋ - ၇၇၂၂၀၇ | စ - ၉၈၁၀၁၀ |
| က - ၄၆၀၇၅၀ | | |

ကံထူးရှင်(၂၂)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| ခ - ၁၂၈၂၈၆ | င - ၇၇၈၆၁၀ |
| ဌ - ၁၆၇၄၁၆ | ဃ - ၇၉၃၅၈၅ |
| စ - ၃၀၃၁၇၉ | စ - ၈၁၁၈၄၁ |
| ဈ - ၄၇၁၄၅၆ | ဇ - ၈၁၄၇၆၂ |
| ဋ - ၅၁၃၃၂၅ | ဇ - ၈၃၀၂၂၀ |
| ခ - ၅၁၅၂၉၂ | ဃ - ၈၃၉၆၄၉ |
| စ - ၆၂၀၀၁၁ | ဋ - ၈၈၇၅၇၁ |
| ဆ - ၆၄၀၈၄၁ | င - ၉၁၁၇၅၁ |
| ဈ - ၇၀၄၆၁၀ | က - ၉၂၂၀၆၈ |
| ဇ - ၇၂၇၈၆၇ | ဂ - ၉၄၄၄၁၄ |
| ဈ - ၇၃၁၃၉၆ | င - ၉၄၄၉၄၆ |
| ဂ - ၇၃၉၇၁၁ | |

ကံထူးရှင်(၂၃)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၅)ယူနစ်

| | |
|---|---|
| ဈ - ၂၈၉၁၁ | ဌ - ၈၆၃၄၇ |
| ဇ - ၅၁၆၉၅ | ဇ - ၉၁၄၂၆ |
| ဋ - ၇၄၀၇၅ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၅၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁၀)ယူနစ်

| | | |
|---|---|---|
| ဂ - ၁၀၄၂ | ဌ - ၄၅၀၃ | င - ၈၂၆၂ |
| ဆ - ၃၅၂၆ | ည - ၅၆၁၇ | ဋ - ၈၉၇၆ |
| ဆ - ၄၁၀၇ | ဃ - ၈၀၈၁ | ည - ၉၈၈၀ |
| စ - ၄၄၃၈ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၂)ယူနစ်

| | | |
|---|---|---|
| ခ - ၁၅၉ | ဋ - ၃၄၃ | ဃ - ၆၈၃ |
| ခ - ၁၇၅ | စ - ၄၄၆ | ဈ - ၇၃၇ |
| ဂ - ၃၀၁ | ဆ - ၅၆၄ | ဂ - ၉၅၁ |
| က - ၃၄၁ | ဇ - ၅၇၇ | ည - ၉၆၃ |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၁၂၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၅)ယူနစ်

က - ၄၇   င - ၅၄   ခ - ၆၅   ခ - ၇၆   ဇ - ၉၂

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၅၀၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

င - ၅

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| ဌ - ၁၄၁၁၅၆ | ဈ - ၅၆၆၄၅၄ |
| ဂ - ၂၉၈၅၁၇ | ဌ - ၉၉၀၃၀၃ |

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ည - ၅၅၃၂၁   ခ - ၆၂၀၂၅

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ဂ - ၂၃၈၁   စ - ၆၆၉၀

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

စ - ၇၁၁   စ - ၇၈၃

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၆ ခုနှစ်၊ မေ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၆)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၆၅၃၆၃ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၆၅၃၆၃ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဇွန် လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၈၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဃ) အက္ခရာထိ အက္ခရာ (၁၄)လုံး ဖြစ်ပါသည်။

၃။ (၈၆)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၄ - ၅ - ၂၀၂၆ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၁-၅-၂၀၂၆ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

၄။ ယခု (၈၆)ကြိမ်မြောက်တွင် ဝေဝေဆာဆာပဒေသာ ဆုမဲများ(ယူနစ်)မှ ကျပ် (၅)သောင်းဆု င-၅၄ နှင့် ကျပ် (၁)သောင်းဆုတွင်လည်း င-၅ ထွက်ပေါ်လာပါသဖြင့် င-၅၄ဖြင့် ကံထူးသူသည် ကျပ် ၆၀၀၀၀/- ရရှိမည်ဖြစ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁

| | | | | |
|---|---|---|---|---|
| ကျော့ကရိတ် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသား ၄၃ ဦးအား ကွန်ဟိန်းမြို့နယ် ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး ထပ်မံဖမ်းဆီးရမိ

နေပြည်တော် မေ ၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူး ကူးတို့ဆိပ်၌ တရားမဝင်ပြည်ပနိုင်ငံသားများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ယနေ့ နံနက် ၂ နာရီခန့်တွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၃ ဦးအား ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ❏



ကွန်ဟိန်းမြို့နယ် ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူး ကူးတို့ဆိပ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၄၃ ဦးအား ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။




မြန်မာအသင်းနှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်း အိမ်ရှင်တရုတ်ကို အရေးနိမ့်

ရန်ကုန် မေ ၁

၂၀၂၆ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲကို မေ ၁ ရက်က တရုတ်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်းသည် အိမ်ရှင် တရုတ်အသင်းကို ခြောက်ဂိုးပြတ် အရေးနိမ့်ခဲ့သည်။

ပြိုင်ပွဲပထမနေ့တွင် အုပ်စု (A) ပွဲစဉ်များ ကျင်းပခဲ့ပြီး ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့ကာ တရုတ်အသင်းက မြန်မာအသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အကောင်းဆုံးကြိုးစားသော်လည်း အာရှထိပ်သီးအသင်းကြီးနှင့် ယှဉ်ပြိုင်ရသောကြောင့် ခြေစွမ်းပိုင်းကွာခြားပြီး ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✪

# သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်း

ရန်ကုန် မေ ၁

ဇွန်လဆန်းတွင် ကျင်းပမည့် သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ် ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပဏာမ ကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်း လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းကို ဒေါ်စန်းစန်းသိန်းက ယာယီနည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး လက်ထောက် နည်းပြအဖြစ် ဒေါ်သူဇာထွေး၊ ဂိုးနည်းပြအဖြစ် ဦးစိန်အေးက

စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ◆



## ယနေ့ ဖတ်စရာ

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ
စာမျက်နှာ » ၁၂

အီရန်နိုင်ငံ Imam Khomeini အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံရပ်ခြားခရီးစဉ်များ ပြန်လည်စတင်
စာမျက်နှာ » ၁၃